# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၀၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းမကြီး ၂၃ ပေအကျယ် ကွန်ကရစ်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်

ကျိုင်းတုံ အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ လမ်းပေါင်း ၃၀ ထဲမှ မိတ္ထီလာ - တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းသည် နိုင်ငံတကာဆက်သွယ်ရေးနှင့် အာရှအာဆီယံလမ်းမကြီး (AH)၊ National Highway (NH.27) ဖြစ်သည်။ မိုင်အားဖြင့် ၁၁၃/၃ မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းလမ်းဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် လမ်းအထူးအဖွဲ့(၃)မှ (၉၉/၇)မိုင်၊ ကျိုင်းတုံခရိုင်လမ်းဦးစီးဌာနမှ (၁၁/၃) မိုင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းအထူးအဖွဲ့(၃)နှင့် ကျိုင်းတုံခရိုင် လမ်းဦးစီးဌာနတို့က ၂၃ ပေအကျယ်အား (Ac) လမ်းခင်းခြင်းလုပ်ငန်းကို (၁/၁ ဒသမ ၂) မိုင်၊ ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်း (၂/၅ ဒသမ ၂) မိုင်၊ သတ်မှတ်တာပေါင်အကျယ်မီစေရန် ကျောက်တောင်၊ ကျောက်ဆွေးတောင်၊ မြေတောင်များချဲ့ခြင်း (၄ /၆ ဒသမ ၃) မိုင်အပါအဝင် လုပ်ငန်းအမျိုးအစားရှစ်ခုကို ခွင့်ပြုရန်ပုံငွေ ၄ ဒသမ ၅ ဘီလီယံ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအား လမ်းဦးစီးဌာနမှ ရေးဆွဲထားသော နှစ်ရှည်စီမံကိန်း (Master Plan) အရ ၂၃ ပေအကျယ် ကွန်ကရစ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

ခရမ်းစိုးမြင့်



မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းကို တွေ့ရစဉ်။

# ရမည်းသင်းမြို့နယ်တွင် ငရုတ်စိုက်ဧက ၆၀ စိုက်ပျိုးပြီး ထွက်ရှိလာသည့် ငရုတ်များကို အခြောက်ခံစက်များ အသုံးပြု၍ မှိုဆိပ်ပါဝင်မှုကို လျှော့ချသွားမည်

ရမည်းသင်း အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်တွင် Food Safety Project အစီအစဉ်ဖြင့် ငရုတ်စိုက်ဧက ၆၀ စိုက်ပျိုးထားရှိပြီး ထွက်ရှိလာသည့် ငရုတ်များကို အခြောက်ခံစက်များ အသုံးပြု၍ မှိုဆိပ်ပါဝင်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ပြောကြားသည်။

အဆိုပါ စီမံချက်ဖြင့် ငရုတ်များစိုက်ပျိုးကာ စားသုံးသူဘေးကင်းလုံခြုံပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန်အတွက် ငရုတ်စိုက်ပျိုးထွက်ရှိသည့် ဒေသများတွင် GAP စနစ်နှင့်အညီ စိုက်ပျိုးထားရှိကြောင်း၊ ထိုစိုက်ခင်းများမှ စိုက်ပျိုးပြီး ထွက်ရှိလာမည့် ငရုတ်သီးအမှည့် အစိုများကို Solar Dryer စက်တစ်လုံးနှင့် Mobile Gas Dryer စက်နှစ်လုံးတို့ကို အသုံးပြုပြီး အချိန်တိုအတွင်း အခြောက်ခံသည့်စနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် အရည်အသွေးကောင်း ငရုတ်များရရှိသည့်အပြင် မှိုဆိပ်ပါဝင်မှုကိုလည်း လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်က ရာသီဥတုအရ ငရုတ်သီးနဲ့ စိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသဖြစ်တယ်။ တောင်သူတွေအနေနဲ့ကလည်း နှစ်စဉ် စိုက်ပျိုးကြပါတယ်။ ငရုတ်ကတော့ စတင်ပေါ်ထွက်နေပါပြီ။ ငရုတ်စိုက်ရာသီမှာ မိုးနည်းနည်းနောက်ကျခဲ့တော့ ထွက်ရှိချိန်လည်း နောက်ကျနေတာပါ။ ခုအောက်တိုဘာလကုန်ရင်တော့ ငရုတ်ကလှိုင်လှိုင်ပေါ် ထွက်ရှိလာတော့မှာပါ။


စာမျက်နှာ ၅ ကော်လံ ၁ ❐


## ယနေ့ ဖတ်စရာ


ပညာပြည့်ဝ နှလုံးသားလှနိုင်ကြစေ တို့လူငယ်တွေ
ဆောင်းပါး | စာ - ၁၀

ပိတ်ဆို့ကန့်သတ်မှုကာလ ပြီးဆုံးပြီးနောက် ဆစ်ဒနီတွင် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်
နိုင်ငံတကာသတင်း | စာ - ၁၂

အင်ဒိုနီးရှား၌ နိုင်ငံတကာခရီးသည်များအတွက် ကန့်သတ်စောင့်ကြည့်ကာလကို လျှော့ချ
နိုင်ငံတကာသတင်း | စာ - ၁၃

ကပ်ရောဂါအကျိုးဆက်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်လာသော ကလေးများ
နိုင်ငံတကာရေးရာ | စာ - ၂၂

# စိတ်ကြွရူးသွပ်ဆေးအန္တရာယ်ဘေးမှ လူငယ်လူရွယ်တို့ ကင်းဝေးစေရာ

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူငယ်ဟူသော ဖွင့်ဆိုချက်တွင် အကျုံးဝင်သည့် အသက်အပိုင်းအခြားအလိုက် လူဦးရေ အချိုးအစားကိုကြည့်လျှင် အသက် ၁၅ နှစ်မှ ၁၉ နှစ်ထိ ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ ၂၀ နှစ်မှ ၂၄ နှစ်ထိ ၈ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၅ နှစ်မှ ၂၉ နှစ်ထိ ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၃၀ နှစ်မှ ၃၄ နှစ်ထိ ၇ ဒသမ ၇၅ ရာခိုင်နှုန်းပါဝင်သည်။ အဆိုပါအသက်အရွယ်သည် ပညာသင်ကြားသည့်အရွယ်နှင့် အလုပ်အကိုင်ဝင်ရောက်သည့် အရွယ်များဖြစ်ပြီး နိုင်ငံ၏အနာဂတ်ကို ဖန်တီးတည်ဆောက်ရာတွင် လက်ကိုင်ပြုရမည့် အင်အားများလည်းဖြစ်သည်။ လူငယ်များသည် တစ်နည်းအားဖြင့် နိုင်ငံအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အလျောက် တန်ဖိုးမြင့်သည့် လူသားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည့်နည်းတူ လူငယ်ထုအပေါ်တွင် ကျရောက်လာမည့် မူးယစ်ဆေးဝါးအပါအဝင် အန္တရာယ်များစွာတို့မှလည်း ကာကွယ်ပေးရန် လိုအပ်သည်။

မျက်မှောက်ကာလတွင် မူးယစ်ဆေးဝါးဟုဆိုရာတွင် စိတ်ကြွဆေးဟုခေါ်သည့် မူးယစ်ဆေးဝါးအန္တရာယ်က ကြီးကြီးမားမား ခြိမ်းခြောက်လာလျက်ရှိသည်။ စိတ်ကြွဆေးဟု သာမန်ခေါ်ဝေါ်ပါက စိတ်ဓာတ်အင်အားကို တက်ကြွအောင်ဖြည့်ဆည်းပေးသည့် ဆေးဝါးဟု အထင်ရောက်ဖွယ်ရာရှိခြင်းကြောင့် စိတ်ကြွရူးသွပ်ဆေးဟူ၍ ခေါ်ဝေါ်ကာ အသိပညာပေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ မက်သာဖက်တမင်းနှင့် ကဖင်းတို့ကို ပေါင်းစပ်ကာ သစ်သီးရနံ့၊ ချောကလက်ရနံ့ကဲ့သို့သော ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားသည့် စိတ်ကြွဆေးများမှာ မူးယစ်ဆေးဝါးများသာဖြစ်သည်။ ဆေး၏ဓာတုပစ္စည်းများက သဘာဝမကျသော နည်းလမ်းဖြင့် လှုံ့ဆော်ခြင်းကြောင့် ပုံမှန်မဟုတ်သော စိတ်တက်ကြွမှု ဖြစ်ပေါ်လာသည်။ စွဲလမ်းမှုကို ဖြစ်စေပြီး တစ်ကြိမ်ထက်တစ်ကြိမ်ပို၍ ဆေးပမာဏကို တိုး၍ တိုး၍ သုံးစွဲလာကာ ရေရှည်တွင် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ပျက်စီးစေခြင်းကြောင့် စိတ်ကြွရူးသွပ်ဆေးဟူ၍ ခေါ်ဝေါ်သမုတ်ကာ အသိပညာပေးရခြင်းဖြစ်သည်။

စိတ်ကြွဆေးစွဲနေသူတို့ ကျူးလွန်သည့် ကြောက်မက်ဖွယ်ပြစ်မှုများ၊ သဘာဝလွန်သည့် အပြုအမူများကို လေ့လာပါက ပုံမှန်စိတ်မဟုတ်သည့် အခြေအနေဖြစ်ပေါ်နေသူများ ဖြစ်သည်ကို တွေ့နိုင်သည်။ စိတ်ကြွရူးသွပ်ဆေး သုံးစွဲမှုကို အကြောင်းပြု၍ မိရင်းဖရင်းကိုပင် သတ်ဖြတ်မှု၊ မိမိ၏ ရင်သွေးကို ရောင်းစားမှု၊ မိမိကိုယ်ကို သတ်သေမှုများအပါအဝင် ကြမ်းတမ်းရက်စက်လှသည့် အနိဋ္ဌာရုံများစွာတို့ ဖြစ်ပေါ်လာရသည်။ စိတ်ကြွမူးယစ်ဆေးသည် လူ၏ စိတ်ပိုင်းကိုရော ရုပ်ပိုင်းကိုပါ ထိခိုက်ပျက်စီးအောင် ဖျက်ဆီးတတ်သည့် သေမင်းတမန်ဆေးဟုဆို၍ရသည်။ မူးယစ်ဆေးဝါးရောင်းချသူတို့၏ အဓိကပစ်မှတ်မှာ လူငယ်လူရွယ်များဖြစ်သည်။ လူငယ်လူရွယ်များရှိနေသည့်နေရာများ၊ လူငယ်လူရွယ်များ စုဝေးသည့်နေရာများ၊ လူငယ်တို့၏ ပတ်ဝန်းကျင်များမှာ မူးယစ်ဆေးဝါးကို အလွယ်တကူရရန် ဖန်တီးထားသလို စမ်းသပ်သုံးစွဲကြည့်ရန်လည်း ဖြားယောင်းသွေးဆောင်ကြသည်။ မသုံးစွဲဖူးပါက ခေတ်မမီ၊ လူရာမဝင်၊ တုံးအသူအဖြစ် အထင်ရောက်စေရန်လည်း စည်းရုံးကြသည်။ တစ်ခါစမိပါက အစရှိ အနောင်နောင်ဖြင့် ပျက်စီးခြင်း လမ်းဆုံးဆီသို့ ရောက်ကြရသည်။ လူငယ်လူရွယ်တစ်ဦး ပျက်စီးခြင်းက ၎င်း၏ဘဝတစ်ခု ပျက်စီးခြင်းသာမက နိုင်ငံအတွက်လည်း တစ်တပ်တစ်အား ဆုံးရှုံးရခြင်းဖြစ်သည်။

မိမိတို့နိုင်ငံကို စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ် ရှုမြင်မှုများရှိနေသည်။ စင်စစ်အားဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် သုံးစွဲသည့် ဓာတုဆေးများက အခြားနိုင်ငံများမှ ထုတ်လုပ်ခြင်းဖြစ်သည်။ တရားဥပဒေနှင့် အလှမ်းဝေးသည့် နယ်စွန် နယ်ဖျားဒေသအချို့တွင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်သည့် ဓာတုဗေဒပစ္စည်းများ သယ်ဆောင်မှုများ၊ အကျင့်ပျက်ဝန်ထမ်းများ စသည်တို့ပါဝင်ပတ်သက်ရှုပ်ထွေးနေကြပြီး နိုင်ငံတစ်နိုင်ငံတည်းကိုသာ လက်ညှိုးထိုးစွပ်စွဲ၍မရသော နိုင်ငံတကာ ရာဇဝတ်မှုပင်ဖြစ်သည်။ ကုန်ကြမ်းက တစ်နေရာ၊ ထုတ်လုပ်သည်က တစ်နေရာ၊ သယ်ဆောင်သည်က တစ်နေရာ၊ ရောင်းချသည်က တစ်နေရာ စသည်ဖြင့် နိုင်ငံစုံပတ်သက်နေသောအမှုတွင် မိမိတို့၏ လူငယ်များလည်း စိတ်ကြွမူးယစ်အန္တရာယ်စက်ကွင်းမှ မလွတ်ကင်းသည့်အလျောက် ထိရောက်စွာကာကွယ်ပေးနိုင်ရေး အလေးပေးဆောင်ရွက်နိုင်ပါစေကြောင်း။ ။

# တရားမ အထူးအယူခံမှု (၄) မှု စီရင်ချက်ချမှတ် ရာဇဝတ် အထူးအယူခံမှု (၆) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးခင်မောင်ကြီးနှင့် ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀၀/၂၀၁၉ (တနင်္သာရီ)၊ ၁၀၁ / ၂၀၁၉ (မန္တလေး)၊ ၁၀၂ / ၂၀၁၉ (မန္တလေး) နှင့် ၁၀၄/ ၂၀၁၉ (ရန်ကုန်) စုစုပေါင်း တရားမအထူး အယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ် အထူးအယူခံမှုအမှတ် ၅/၂၀၂၀ (မန္တလေး)၊ ၉/၂၀၂၀ (ကချင်)၊ ၁၀/၂၀၂၀ (မွန်)၊ ၁/၂၀၂၁ (ရန်ကုန်)၊ ၂/၂၀၂၁ (ရန်ကုန်) နှင့် ၃/၂၀၂၁ (မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၆) မှုကို ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံတပ်နယ်ရှိ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုသည်။ (ယာပုံ)



ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၂၄ ဦး၊ စုစုပေါင်း ၅၆ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော် ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti–inflammatory | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection–Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 3 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 4 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 7 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလို

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၈ /၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**“MEDIATION**

89 A. (1) The Court may make mediation to a dispute in the case which has civil nature pursuant to this section.

(2) The Court may refer the following cases to mediation:

(a) cases which are prescribed to be mediated by any law or by any notification issued by the Supreme Court of the Union; and

(b) cases which are voluntarily referred to mediation by disputant parties.

(3) The proceedings of mediation shall be confidential. Any communication, statement and admission made during mediation process shall not be admissible in any subsequent hearing of the same suit or any other proceedings.

(4) Where the parties to mediation reach an agreement, the parties shall apply the Court to verify the agreement. The Court shall pass an order or a decree, as it thinks fit, in accordance with the relevant provisions of the Code of Civil Procedure.

(5) The Supreme Court of the Union may issue notifications, orders, directives, procedures and manuals relating to mediation under this section as may be necessary.

Explanation – Mediation in this section is a dispute resolution process involving a mediator assigned by the Court who facilitates the parties to reach a mutually agreeable solution.”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည် –

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စကားရပ်များပြောင်းလဲသတ်မှတ်သည့် ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၉ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့မှစတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော “ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန” ဆိုသည့်စကားရပ်ကို “ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန” ဆိုသည့်စကားရပ်ကို “အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော “ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန” ဆိုသည့်စကားရပ်ကို “ပြည်ထဲရေးဝန်ကြီးဌာန” ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည် –

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၁
နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စုအနေဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီး

နေပြည်တော် အောက်တိုဘာ ၁၁

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်အဖွဲ့ (UNFCCC) အတွင်းရေးမှူးရုံးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စု၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဘူတန်နိုင်ငံ တော်ဝင်အစိုးရက အိမ်ရှင်အဖြစ်ဦးဆောင်၍ "ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စု ဝန်ကြီးများအစည်းအဝေး"ကို ယနေ့ညနေပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် အဖွဲ့ဝင် ၄၆ နိုင်ငံမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ဆွေးနွေးသည်။ (အောက်ပုံ)




### ဆွေးနွေး

ဖွင့်ပွဲအခမ်းအနားတွင် ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Dr. Tandi Dorji၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အတွင်းရေးမှူး H.E Patricia Espinosa ၊ (၂၆) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ ဥက္ကဋ္ဌ၊ အင်္ဂလန်နိုင်ငံမှ Mr. Archie Young ၊ (၂၅) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ ဥက္ကဋ္ဌ၊ ချီလီနိုင်ငံမှ Mr. Julio Cordano တို့က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသည့် LDC အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများက နိုဝင်ဘာလတွင် ကျင်းပမည့် 26th Conference of the Parties (COP 26) တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စုအနေဖြင့် အဖွဲ့၏ ရပ်တည်ချက်နှင့် ဦးစားပေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

### ရလဒ်ကောင်းများ ရရှိနိုင်

ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုသည် လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ရှင်သန်မှုအပေါ် အဓိကခြိမ်းခြောက်နေသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စုအနေဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ သစ်တောနှင့် မြေအသုံးချမှုကဏ္ဍ၊ ပြန်ပြည့်မြဲနှင့် စွမ်းအင်ချွေတာရေးကဏ္ဍများအတွက် ရည်မှန်းချက်များပါဝင်သည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (NDC) ကို (UNFCCC) အတွင်းရေးမှူးရုံးသို့ တင်သွင်းပြီးဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်အလွယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေရေးနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများသည် နိုင်ငံ၏ ဦးစားပေးလုပ်ငန်းများ ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစ၍ ရာသီဥတုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကို ကတိကဝတ်အတိုင်း ထည့်ဝင်စေရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အထောက်အပံ့ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေး၊ အမျိုးသားအဆင့် လိုက်လျောညီထွေရှိစေခြင်းအစီအစဉ် အကောင်အထည်ဖော်ရေး၊ ရေရှည်ရန်ပုံငွေအထောက်အပံ့မြှင့်တင်ရေးတို့ကို အလေးပေးဆောင်ရွက်ရန် လိုပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စု၏ ရပ်တည်ချက်များကို ထင်ဟပ်သည့် **သင်ဖူး ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်ဆိုင်ရာ အဆိုပြုကြေညာချက် (Thimphu Call for Ambition and Action)** ကို အပြည့်အဝထောက်ခံပါကြောင်း၊ ယနေ့အစည်းအဝေးမှ (COP 26) တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စု၏ အဓိကရပ်တည်ချက်များကို ခိုင်မာစွာပြသနိုင်ရန် စေ့စပ်ညှိနှိုင်းရေး ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

### အတည်ပြုဆုံးဖြတ်ခဲ့

ပါရီရည်မှန်းချက်အရ ကမ္ဘာ့အပူချိန်တိုးမှုကို 1.5°C တွင် ထိန်းချုပ်နိုင်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှု အများဆုံးနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေး ရည်မှန်းချက်များ မြှင့်တင်ဆောင်ရွက်ရန်၊ ပါရီသဘောတူညီချက် ကတိကဝတ်နှင့်အညီ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထည့်ဝင်ရန်၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် နည်းပညာအထောက်အပံ့များပေးရန်၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စု၏ NDC ပါ ရည်မှန်းချက်များ၊ ရာသီဥတုဒဏ်ခံနိုင်မှုရှိစေရေးနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ရာသီဥတုဆိုးကျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ရန်ပုံငွေအထောက်အပံ့ရရှိရန်၊ ကာဗွန်ဈေးကွက်ဆိုင်ရာ နည်းဥပဒေများ ရေးဆွဲချမှတ်ရန်၊ ၂၀၅၀ တွင် အသားတင်ကာဗွန်ထုတ်လွှတ်မှုနှင့် ဖယ်ရှားမှု မျှခြေအထိ ရောက်ရှိစေရန် အချက်များပါဝင်သည့် သင်ဖူးရည်မှန်းချက်နှင့် လုပ်ဆောင်ချက်ဆိုင်ရာ အဆိုပြုကြေညာချက်ကို (COP 26)တွင် တင်ပြနိုင်ရေးအတွက် အတည်ပြုဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးဝါးအမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်

# စက်မှုဝန်ကြီးဌာနပိုင် မြေနေရာများတွင် မြန်မာနိုင်ငံ ဆေးဝါးစက်မှုဇုန်တည်ထောင်နိုင်ရေး ပုံစံပြုရေးဆွဲအဆိုပြု

**နေပြည်တော် အောက်တိုဘာ ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

### စက်စွမ်းအားပြည့် လည်ပတ်

တွေ့ဆုံစဉ်ပြည်သူများအတွက် လိုအပ်လျက်ရှိသော ဆေးဝါးများ ပိုမိုထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ဆေးဝါးများအား GMP Guide Line များနှင့်အညီ ထုတ်လုပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် တောင်သူများ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်မည့် မြွေဆိပ်ဖြေဆေးများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် ဆေးဝါးအမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ စက်ရုံ၌ ရှိပြီးဖြစ်သော နည်းပညာများ မပျောက်ပျက်စေရေးအတွက် ဆင့်ပွားသင်တန်းများပေးရန်နှင့် ဆေးဝါးထုတ်လုပ်မှုနည်းပညာသစ်များ ထပ်မံရရှိရေးအတွက် အမြဲတစေ လေ့လာသင်ယူရန်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်သက်တာသင်ယူမှုပြုလုပ်သွားရန်၊ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာများတွင် မြန်မာနိုင်ငံ ဆေးဝါးစက်မှုဇုန် (Pharmaceutical Complex Zone) တည်ထောင်နိုင်ရေး ပုံစံပြုရေးဆွဲအဆိုပြုရန်၊ စက်ရုံရှိတပ်ဆင်ထားရှိသောစက်များ စက်စွမ်းအားပြည့် လည်ပတ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

### ညှိနှိုင်းပေါင်းစပ်

အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဌာနအသီးသီး၏ လုပ်ငန်းစွမ်းဆောင်နိုင်မှု အညွှန်းကိန်း (Key Performance Indicator) များ သတ်မှတ် ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည် ဝေဖန်သုံးသပ်ရန် မှာကြားပြီး ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ ပြည်သူလူထုပါဝင်သော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်

ဘူးသီးတောင် အောက်တိုဘာ ၁၁

ဘူးသီးတောင်မြို့နယ်၌ "ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာပြည်ချမ်းသာ မူးခင်းကျဆင်းရေး" စီမံချက်ဆောင်ရွက်ရန် အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခြင်းကို အောက်တိုဘာ ၁၀ ရက်က အမှတ်(၃) နယ်ခြားစောင့်တပ်ရင်း အစည်းအဝေးခန်းမ၌ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဘူးသီးတောင်မြို့နယ် အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး အေးမင်းစိုးက မူးခင်းကျဆင်းရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရမည့် အကြောင်းအရာများကို ဆွေးနွေးပြီး အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ရဲအုပ်စောဝင်းက မူးခင်းကျဆင်းရေးနှင့် ပညာပေးဟောပြောခြင်း၊ ဗီနိုင်း/ပိုစတာများစိုက်ထူခြင်း၊ အသိပညာပေး ဗီဒီယိုများပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အိမ်တိုင်ရာရောက် အကူအညီပေးခြင်း ဆောင်ရွက်ရမည့်အချက်များအား ဆွေးနွေးကြသည်။

မြို့နယ်( ပြန်/ဆက်)

# မကြာမီအချိန်အတွင်း အနုပညာရှင်များ အနုပညာအလုပ်များကို လုပ်ကိုင်ပြီး ရုပ်ရှင်ရုံများတွင် ပြည်သူများ အပန်းဖြေ အနားယူနိုင်ကြတော့မည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံနှင့်ပတ်သက်၍ တာဝန်နှင့် ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်(Deed of Assignment) ချုပ်ဆိုခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ရှိသူများ၊ နိုင်ငံပိုင်ရုပ်ရှင်ရုံ ငှားရမ်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံနှင့် ပတ်သက်၍ တာဝန်နှင့် ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်(Deed of Assignment)ချုပ်ဆိုခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အပြီးအပိုင် ရောင်းချ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကရုပ်ရှင်ရုံများအနက် ရုပ်ရှင်ရုံ ၁၈၁ ရုံကို ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရုပ်ရှင်ရုံ ငါးရုံ အသစ်ထပ်မံတည်ဆောက်ပေးခဲ့ခြင်း၊ သမ္မတရုပ်ရှင်ရုံကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ခြင်းတို့ကြောင့် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၈၇ ရုံ ရှိခဲ့ပါကြောင်း၊ ၁၉၈၆ ခုနှစ်မှစ၍ မြန်မာဗီဒီယိုဇာတ်ကားများ ရိုက်ကူးပြသလာသည့်အတွက် ဗီဒီယိုရုံများ ပေါ်ထွန်းခဲ့ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်ဖလင်များ ရှားပါးလာခြင်းကြောင့်လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုကျဆင်းလာခဲ့ခြင်းကြောင့်လည်းကောင်း ရုပ်ရှင်ရုံလုပ်ငန်းများလည်း ကျဆင်းလာခဲ့ပါကြောင်း၊ ယင်းကာလအတွင်း ဈေးကွက်စီးပွားရေးအပေါ် အခြေခံ၍ ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၅ ခုနှစ်မှစတင်ပြီး ရုပ်ရှင်ရုံများကို နှစ်တို၊ နှစ်ရှည် ငှားရမ်းခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အပြီးအပိုင် ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ပေါင်းစပ်ဆောင်ရွက်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူစီမံခန့်ခွဲနေသည့် နိုင်ငံပိုင် ရုပ်ရှင်ရုံ ၂၇ ရုံ၊ ပုဂ္ဂလိကသို့အပြီးအပိုင် ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်(Condition)ပါ ရုပ်ရှင်ရုံ ၉၄ ရုံ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၁ ရုံက ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်မှစတင်၍ တာဝန်ဝတ္တရားလွှဲပြောင်းပေးခဲ့ရာ ယနေ့အချိန်တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးသို့ လွှဲပြောင်းလက်ခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် ရုပ်ရှင်ရုံငှားရမ်း လုပ်ကိုင်သူများက ပေါင်းစပ်ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်အနုပညာများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် မကြာခဏ လမ်းညွှန်မှုပြုထားပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်အနုပညာ ပြန်လည်နိုးထစေရေးအတွက် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်သည် ပြည်သူ့အတွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများ စိတ်နှလုံးရွှင်မြူးအောင် ပျော်ရွှင်မှုပေးရာတွင် ရုပ်ရှင်ရုံများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ဖြစ်ရာ ရုပ်ရှင်ရုံများ အဆင့်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အနုပညာရှင်များအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ ရိုက်ကူးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြပြီး ပြသမှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက်လည်း ကိုဗစ် စည်းကမ်းချက်များနှင့်အညီ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ဆွေးနွေးတိုင်ပင်နေကြပြီ ဖြစ်ပါကြောင်း၊ မကြာမီအချိန်အတွင်း အနုပညာရှင်များ အနုပညာအလုပ်များကို လုပ်ကိုင်ပြီး ရုပ်ရှင်ရုံများတွင် ပြည်သူများ အပန်းဖြေအနားယူနိုင်ကြတော့မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံများအပြင် အပြီးရောင်း Condition ပါ ရုပ်ရှင်ရုံများကိုလည်း ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ပြသနိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံနှင့်ပတ်သက်၍ တာဝန်နှင့် ဝတ္တရားများလွှဲပြောင်းသည့် စာချုပ်များကို လက်မှတ်ရေးထိုးကြရာ ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်က လည်းကောင်း၊ နိုင်ငံပိုင်ရုပ်ရှင်ရုံ ငှားရမ်းသူ လုပ်ငန်းရှင်များက လည်းကောင်း အသီးသီး လက်မှတ်ရေးထိုး ဆောင်ရွက်ကြသည်။

**ဆက်လက်စီမံခန့်ခွဲ**

ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံအနက် ရုပ်ရှင်ရုံ ၂၆ ရုံကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ယခုကဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာ ၁ ရုပ်ရှင်ရုံကို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ဆိုင်ရာ နိုင်ငံတော်အဆင့် အခမ်းအနားများ စီစဉ်ကျင်းပနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ဆက်လက်စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းရှိ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)သို့ သွားရောက်၍ ကိုယ်ကာယလေ့ကျင့်ခန်း၊ ကလေးစာဖတ်ခန်း၊ ကွန်ပျူတာသင်တန်းခန်းမ၊ စာကြည့်တိုက်၊ ပြခန်းများအား ကြည့်ရှုစစ်ဆေးသည်။

**အဓိကထား ဆောင်ရွက်**

ယင်းနောက် ဘက်စုံသုံးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် ဦးစီးမှူးများအားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ပေးခဲ့ပြီးဖြစ်သဖြင့် လုပ်ငန်းများယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် မြို့နယ်တိုင်းတွင် ဖွင့်လှစ်ထားရှိသဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြား သတင်း အပြန်အလှန် စီးဆင်းရေးကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့အချိန်တွင် ဒစ်ဂျစ်တယ် နည်းပညာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး မီဒီယာများ၏ အသွင်သဏ္ဌာန်နှင့် မီဒီယာထုတ်လွှင့်မှုပုံစံများ ပြောင်းလဲတိုးတက်လျက်ရှိပါကြောင်း၊ ထိုနည်းတူပြည်သူများ၏သတင်းရယူမှုပုံစံများလည်း ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ အထူးသဖြင့် သမားရိုးကျမီဒီယာများဖြစ်သည့် ပုံနှိပ်မီဒီယာနှင့် ရုပ်သံလွှင့် မီဒီယာများပေါ်မှ သတင်းရယူမှု နည်းပါးသွားပြီး Social Media ပလက်ဖောင်းများပေါ်မှ သတင်းများ ရယူနေကြပါကြောင်း။

**ထောက်ပံ့ငွေများ ပေးအပ်**

မသမာသူ အဖျက်သမားအချို့က Social Media ပလက်ဖောင်းများကို အသုံးပြု၍ သတင်းမှားများ၊ သတင်းတုများကို ထုတ်လွှင့်ကာ နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ သတင်းမှား ထုတ်လွှင့်ဖော်ပြမှုများကို တားဆီးတိုက်ဖျက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် လူငယ်များကို ဗဟိုပြုသည့် အစီအစဉ်များ၊ လူငယ်ဖွံ့ဖြိုးရေးကို ဦးတည်သည့်လှုပ်ရှားမှုကို အဓိကထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူငယ်များ အသိအမြင် အတွေးအခေါ် မှန်ကန်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

---

❐ *ရွှေဖုံးမှ*

ထွက်ရှိလာတဲ့ ငရုတ်သီးတွေကိုတော့ အခြောက်ခံစက်တွေနဲ့ ဆောင်ရွက်သွားမှာပါ။ မှိုဆိပ်ပါဝင်မှုကိုလည်း လျှော့ချမှာပါ။ တောင်သူတွေအနေနဲ့ ငရုတ် လှိုင်လှိုင်ပေါ်လို့ လှန်းတယ်ဆိုရင် မိုးရွာပါက ရုပ်လိုက်သိမ်းလိုက်လုပ်ရင် အရည်အသွေးကျဆင်းပါတယ်။ မှိုဆိပ်တွေလည်း ဝင်နိုင်ပါတယ်” ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ စိုက်ခင်းများမှ ထွက်ရှိလာသည့် ငရုတ်သီးများကို အခြောက်ခံစက်များဖြင့် လုပ်ဆောင်သည့်အတွက် အချိန်တိုအတွင်း ငရုတ်များ ခြောက်သွေ့ကာ မှိုဆိပ်များလည်း မဝင်နိုင်ကြောင်း၊ ထို့ပြင် အရည်အသွေးကောင်းကာ ဘေးအန္တရာယ်ကင်းရှင်းသည့် ငရုတ်သီးများ ရရှိမည်ဖြစ်ပြီး လုပ်အားခများလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းအခြောက်ခံစက်များနှင့် ဆောင်ရွက်သည့်အခါ၌ ကြားကာလများတွင် ပြုပြင်စရာမလိုဘဲ ဖြန့်ပြီးထည့်လိုက်သည့်အတွက် ငရုတ်သီးများခြောက်ပါကဝင်ရောက်ပြီး အဆင်သင့်ရုပ်သိမ်း၍ ရကြောင်း၊ အားသာချက်အနေဖြင့် အညှာကြွေခြင်း၊ အရည်အသွေးပိုင်းများ ပျက်စီးခြင်းမရှိဘဲ ငရုတ်သီးများ အရောင်လှကာ ဈေးကောင်းများလည်းရရှိကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ ရှစ်လတာခရီးဖြတ်သန်းခဲ့ပြီ

ကနောင်

**မိုးအကုန်ဆောင်းအကူး စက်တင်ဘာလသည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ကပ်ရောဂါတတိယလှိုင်းကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ခဲ့သည့်လ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံတို့နှင့် ပိုမိုနီးကပ်စွာဆက်ဆံဖြစ်သည့် ကာလတစ်ခုလည်း ဖြစ်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်တင်ဘာ ၁၀ ရက်က မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ဦးစားပေးသတ်မှတ်ထားသည့် အုပ်စုများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အားကောင်းသည့်လ၊ ကပ်ရောဂါအရှိန် ကျဆင်းလာသည်နှင့်အမျှ တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့ကိုပိုမိုအားပေး၍စားနပ်ရိက္ခာဖူလုံစေရေး၊ **ပြည်သူများ လုံခြုံငြိမ်းချမ်းရေးအတွက် အချိန်ပေးရသည့်ကာလတစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအတွက် စက်တင်ဘာလအတွင်း ဆောင်ရွက်ချက်များဟု ဆိုလိုက်လျှင် ရေးသား၍ ကုန်နိုင်မည်မဟုတ်ပါ။**

**ပြည်တွင်း မတည်မငြိမ်ဖြစ်အောင်၊ တိုင်းပြည် ဆူပူ၍ ပြည်သူများ အေးချမ်းလုံခြုံမှုမရှိအောင် အကြမ်းဖက် မည်သည့်အဖွဲ့အစည်းကမဆို သွေးထိုးနှောင့်ယှက်ပါစေ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူ ပူးပေါင်းမှုဖြင့် တစ်စတစ်စ တည်ငြိမ်အေးချမ်းမှု အားကောင်းလာနေသည်က အထင်အရှားပင် ဖြစ်ပါသည်။ စက်တင်ဘာ တစ်လတာအတွင်း နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဆောင်ရွက်ချက်များအတွင်းမှ အချို့ကို ကောက်နုတ်တင်ပြရမည်ဆိုလျှင် ...**

**ဦးဆောင်ဦးရွက်ပြုသူများ၏လှုပ်ရှားမှု**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၆ ရက်က ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် မိမိတို့နိုင်ငံသည် စက်တင်ဘာလဆန်းပိုင်းတွင် ပျမ်းမျှပိုးတွေ့နှုန်း ၁၀ ဒသမ ၃၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကူးစက်မှု နှုန်း များပြားနေပြီး စည်းကမ်းလိုက်နာမှုရှိစေရန်၊ အသိပညာပေးရေးအပါအဝင် ရောဂါပိုးစစ်ဆေးမှုနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်များအကြောင်းကို ဖြည့်စွက်ရှင်းလင်းအကြံပြုပြောကြားခဲ့သည်။ ထို့အတူ ကိုဗစ်- ၁၉ ရောဂါကို တိုင်းရင်းဆေးဖြင့် စနစ်တကျ သုတေသနပြုလုပ်ကာ ကုသဆေး၊ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်မည့်အခြေအနေနှင့် ပြည်သူများအားလုံး လွှမ်းခြုံနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအမံများကို ထည့်သွင်းပြောကြားခဲ့ပါသည်။

စက်တင်ဘာ ၇ ရက်က နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၁) သို့ တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခု၏ အဓိကမောင်းနှင်အားမှာ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာစဉ်ဆက်မပြတ် သင်ကြားနိုင်ရေးသည်လည်း အရေးကြီးကြောင်း စသည်ဖြင့် ထည့်သွင်း ပြောကြားခဲ့သည့်အပြင် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိစေမည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ခြင်းဖြင့် ပြည်ပပို့ကုန်များ၊ ပြည်တွင်းစားသောက်ရိက္ခာဖူလုံစေရေးအတွက် လမ်းညွှန်မှာကြားခဲ့ကာ ဆီထွက်သီးနှံများ၊ ဝါနှင့် အခြားစိုက်ပျိုးသီးနှံများ အထွက်နှုန်း မြင့်မားရေးကို အကြံပြုဆွေးနွေးခဲ့သည်။ ဟိုတယ်နှင့် ခရီးသွား၊ အိမ်ရာ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိမ်းလန်းစိုပြည်ရေးကဏ္ဍတို့ကို အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့အတူ ကာကွယ်ဆေးများ ရောက်ရှိမှုအခြေအနေများနှင့် မည်သူတစ်ဦးတစ်ယောက်မျှ ကာကွယ်ဆေးထိုးနှံမှု မကျန်ရှိစေရေးတို့အတွက်လည်း ညှိနှိုင်းအဖြေရှာပေးခဲ့ခြင်းကြောင့် လက်တွေ့မျက်မြင် ကာကွယ်ဆေးထိုးနှံခြင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

စက်တင်ဘာ ၉ ရက်က ကျင်းပသည့် သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit) ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အနာဂတ်တွင် GMS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အတွက် လမ်းပြမြေပုံဖြစ်လာမည့် ယနေ့ထိပ်သီးအစည်းအဝေး၌ အတည်ပြုထုတ်ပြန်မည့် GMS စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ ကို ကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်၌ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကာကွယ်ဆေး လွှမ်းခြုံနိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၁၀ ရက်က နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)နှင့် ဘူတာကြီးတို့ကိုကြည့်ရှုစစ်ဆေး၍ မီးရထား ပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံကို အကျိုးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ပြီး ပိုမိုတိုးတက်အောင်မြင်စေရေး အစီအမံများ ချမှတ်ပေးခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ပြင်ဦးလွင်တပ်နယ်မှ သန္ဓေအရာရှိ၊ နည်းပြအရာရှိ၊ ကထိကအရာရှိနှင့် ပါရဂူဆေးမှူး၊ ဆရာ၊ ဆရာမများ၊ စစ်သည်မိသားစုများအား နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံတော်အတွက် တပ်မတော်၏ အရေးပါမှု၊ စစ်သည်တစ်ဦးချင်း ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ခြင်းနှင့် စည်းကမ်းနှင့် အမိန့်နာခံမှုကောင်းမွန်ခြင်း၊ ကိုယ်စီတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် မိမိတို့တတ်စွမ်းသရွေ့ နိုင်ငံ့အကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်မှုရှိစေရေး လမ်းညွှန်မှာကြားသည်။

စက်တင်ဘာ ၁၆ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်းရေလှောင်တမံ၌ သီးနှံစိုက်ပျိုးရေးအတွက် ရေသိုလှောင်မှုနှင့် ရေလှောင်တမံကြံ့ခိုင်မှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ သဘာဝစိမ့်စမ်းရေထွက်နှင့် ကန်တော်ကြီးပတ်လမ်းရှိ ရေဝင်ရောက်ရာ လမ်းကြောင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ *စာမျက်နှာ ၇ သို့*

**❊ ပြည်တွင်း မတည်မငြိမ်ဖြစ်အောင်၊ တိုင်းပြည် ဆူပူ၍ ပြည်သူများ အေးချမ်းလုံခြုံမှုမရှိအောင် အကြမ်းဖက် မည်သည့်အဖွဲ့အစည်းကမဆို သွေးထိုးနှောင့်ယှက်ပါစေ၊ နိုင်ငံတော်အစိုးရနှင့်ပြည်သူ ပူးပေါင်းမှုဖြင့် တစ်စတစ်စ တည်ငြိမ်အေးချမ်းမှု အားကောင်းလာနေသည်က အထင်အရှားပင် ဖြစ်ပါသည်**

*စာမျက်နှာ ၆ မှ*

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများနှင့် ပြင်ဦးလွင်မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပညာရေးမြို့တော်ဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် စီးပွားရေးအရှိန်အဟုန်ရပ်တန့်ခဲ့ရကြောင်း၊ ရောဂါကူးစက်မှုလျော့ကျလာစေရန် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်းပြောကြား၍ ကိုဗစ်ကြောင့် ထိခိုက်ခံစားကြရသည့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဦးမော့လာစေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ခြင်း အပါအဝင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများအောင်မြင်စေရေးတို့ကို ထည့်သွင်းပြောကြားခဲ့သည်။ ရေခံမြေခံကောင်းသည့် ပြင်ဦးလွင်မြို့သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုလုပ်ငန်း စသည်တို့ကို အဆင့်မြင့်မားစွာ တိုးတက်ဆောင်ရွက်လာစေရန် နိုင်ငံတော်ဝန်ကြီးချုပ်က တိုက်တွန်းမှာကြားခဲ့သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့အတွင်းရှိ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍတို့ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၈ ရက်က ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် မြစ်ကြီးနားမြို့၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံ၍ တာဝန်ယူဆောင်ရွက်နေရသည့် လက်ရှိနိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှ လစ်ဟင်းမှုများမရှိစေရန် လုပ်ဆောင်နေကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဆောက်တည်နိုင်ရေးကို ရည်မှန်းချက်ထားလုပ်ဆောင်နေပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးကို အထူးဦးစားပေးဆောင်ရွက်နေကြောင်း အလေးအနက် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒေသတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှုမြှင့်တင်ရေး၊ သယံဇာတကို အခြေခံသည့် လုပ်ငန်းများထက် ရေရှည်တည်တံ့သည့် လုပ်ငန်းများ၊ ပြည့်ဖြိုးမြဲ သယံဇာတများကို ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဖြင့် အဆင့်အတန်းပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ထွက်ပေါ်စေရေးအတွက် အခြေခံပညာမှသည် အဆင့်မြင့်ပညာအထိ တက်လှမ်းနိုင်စေရေး၊ စီးပွားရေးနှင့် ဥပဒေကဲ့သို့သော ပညာရပ်များကို သင်ကြားပေးနိုင်ရေး၊ မြို့ပြတည်ဆောက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး အစီအမံများနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍ မြှင့်တင်ပေးရေး စသည်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က ထည့်သွင်းအကြံပြုပြောကြားခဲ့သည်။

**ဝိုင်းဝန်းကြိုးပမ်းကြစေလို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ကို ချမှတ်၍ ကြိုးပမ်းဆောင်ရွက်ခြင်း၊ လက်ရှိလုပ်ဆောင်မှုများသည် နိုင်ငံ့အရေးလုပ်ဆောင်ခြင်းပင်ဖြစ်၍ စစ်မှန်ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ် ခိုင်မာစွာ ရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများစေရေးကို ဦးစားပေး ဆောင်ရွက်နေခြင်းတို့ကို ပြောကြားခဲ့သည့်အပြင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း မှာကြားခဲ့သည်။ ထို့နောက် မြစ်ကြီးနားမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား အားပေးနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လားရှိုးတပ်နယ်ရှိအရာရှိ၊ စစ်သည်မိသားစုများနှင့် စက်တင်ဘာ ၁၉ ရက်က တွေ့ဆုံ၍ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားပြီး စစ်သည်မိသားစုများကို စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ တပ်နယ်ဆေးရုံများတွင် ဆေးကုသမှုခံယူနေသည့် တပ်မတော်သားများကို ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများနှင့် လားရှိုးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲရုံး၌ တွေ့ဆုံ၍ ဒေသတွင်း ထုတ်ကုန်များ မြင့်မားရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် ဒေသအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး တိုက်တွန်းပြောကြားခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)ကို စက်တင်ဘာ ၂၃ ရက် က ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ခြောက်လဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ်– ၁၉ ကပ်ရောဂါဆိုင်ရာ အသုံးစရိတ်များကို ဆက်လက်လျာထားသုံးစွဲရန် ခွင့်ပြုထားကြောင်းနှင့် အရေးပေါ် ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ လျာထား သုံးစွဲနိုင်ရန် စီစဉ်ထားကြောင်း၊ ခွဲဝေခွင့်ပြုထားသည့် အသုံးစရိတ်များကို စိစစ်သုံးစွဲနိုင်စေရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ဖော်ဆောင်ရန် တာဝန်ရှိသူများက မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန် ကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့အတူ အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး (၁/၂၀၂၁)ကို ယင်းနေ့ နံနက်ပိုင်းက ကျင်းပခဲ့ပြီး အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်းအကောင်အထည်ဖော်ရာတွင် ငွေကြေးသုံးစွဲမှုများကို နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင့်သုံးရန်နှင့် သွင်းအားစုများကို အလေအလွင့်နည်းပါးစွာဖြင့် ထိရောက်စွာသုံးစွဲ၍ စီမံကိန်းဆောင်ရွက်မှုများကို စောင့်ကြည့်သုံးသပ်ကြရန် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား တိုက်တွန်းခဲ့သည်။

**စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်စီစဉ်**

စက်တင်ဘာ ၂၄ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၅/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီး အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဩဂုတ်လ၌ နိုင်ငံအတွင်း ကူးစက်မှု ၄၀ ရာခိုင်နှုန်းကျော်ရောက်ရှိခဲ့သော်လည်း စနစ်တကျဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ယခုစက်တင်ဘာလတွင် ၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ ထို့ကြောင့် ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေး၊ စိုက်မွေးစီးပွားလုပ်ငန်းများ မြှင့်တင်ရေး၊ စက်သုံးဆီချွေတာရေး၊ အခွန်ငွေရရှိစေရေးစသည့် နိုင်ငံလိုအပ်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၂၇ ရက်က ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၁/၂၀၂၁)သို့ တက်ရောက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်မှာ ရှစ်လတာ ပြည့်မြောက်မည်ဖြစ်ကြောင်း၊ ထိုကာလအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများ၊ အကျပ်အတည်းများသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှု၏ ရလဒ်များပင်ဖြစ်ကြောင်း၊ လက်ရှိတွင် ကိုဗစ်– ၁၉ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေးကဏ္ဍတွင် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခြင်းကို အမြန်ဆုံး ပြန်လည်ကုစားနိုင်ရေးအတွက် ကြိုးပမ်းမှုများနှင့် သွင်းကုန်များ လျော့နည်း၍ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ရန်အတွက် အလေးထားတိုက်တွန်းခဲ့သည်။

**ခရီးသွားလုပ်ငန်းများ စတင်လည်ပတ်နိုင်ရေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၈ ရက်တွင်ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက်များ ပါဝင်သည့် အမှာစကားပေးပို့ခဲ့သည်။ အဆိုပါ အခမ်းအနားကို နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကပ်ရောဂါကို ထိန်းချုပ်လာနိုင်သည်နှင့် တစ်ပြိုင်နက် ခရီးသွားလုပ်ငန်းများ စတင်လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေး (၅/၂၀၂၁)ကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ပကတိအခြေအနေနှင့် ကိုက်ညီရန်၊ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီရန်၊ လွယ်ကူရှင်းလင်းသည့် စီမံခန့်ခွဲမှုစနစ်နှင့် အုပ်ချုပ်မှုစနစ်ဖြစ်ရန် မှာကြားခဲ့သည့်အပြင် အကြမ်းဖက်လုပ်ငန်းများ၌ EAO များ ပါဝင်ပတ်သက်မှုရှိသော်လည်း EAO အများစုမှာ လက်ခံမှုမရှိကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး တရားဥပဒေစိုးမိုးမှုနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးအဖြေရှာခဲ့သည်ကို မြင်တွေ့ရသည်။

*(ဆက်လက်ဖော်ပြပါမည်)*




**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေလေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၂ ရက်က ထပ်မံရောက်ရှိလာစဉ်။**

# မြန်မာနိုင်ငံနဲ့ လက်တွဲဆောင်ရွက်မယ့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများကို ဖိတ်ခေါ်ထားပါတယ်

# ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာရင်၊ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့ကိုက်ညီရင် အမြန်ဆုံးအလုပ်ဖြစ်စေမှာပါ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းအား ဂျပန်သတင်းမီဒီယာဖြစ်သည့် Mainichi Shimbun သတင်းစာက အောက်တိုဘာ ၅ ရက်တွင် ဆက်သွယ်မေးမြန်းခဲ့ပြီး မေးမြန်းဖြေကြားမှုများကို ယင်းသတင်းစာတွင် အောက်တိုဘာ ၁၀ ရက်က ဖော်ပြခဲ့ပါသည်။ အဆိုပါ ဆက်သွယ်မေးမြန်းဖြေကြားထားမှုများနှင့် ပတ်သက်၍ ဖော်ပြလိုက်ပါသည် -**

**မေး ။** ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC) ကနေ ပြောကြားခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရဲ့ မသမာမှုနဲ့ပတ်သက်ပြီး သေချာအောင် ရှင်းရှင်းလင်းလင်း သိပါရစေ။ ပြီးတော့ အဲဒါနဲ့ ပတ်သက်တဲ့ သက်သေတွေကို ပြောပြပေးပါ။ ဂျပန်အပါအဝင် နိုင်ငံတကာလေ့လာသုံးသပ်သူတွေကတော့ ဒီရွေးကောက်ပွဲက မျှတစွာကျင်းပခဲ့တယ်လို့ ပြောပါတယ်။ အဲဒါကို ဘယ်လိုမျိုးများ ပြန်လည်ငြင်းချက်ထုတ်ချင်ပါသလဲ။

**ဖြေ ။** ။ ရွေးကောက်ပွဲမှာ မဲမသမာမှုရှိလား၊ မရှိဘူးလားဆိုတာကို ရွေးကောက်ပွဲတစ်ရက်တည်းကြည့်ပြီး ဆုံးဖြတ်လို့ မရဘူးဆိုတာကို ဦးစွာအသိပေးလိုပါတယ်။ ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲအပြီးကာလ ၃ ခုလုံးရဲ့ အခြေအနေတွေ၊ ဖြစ်ပျက်ခဲ့တာတွေကို သိစေလိုပါတယ်။ ဒါတွေပြောရမှာဖြစ်လို့ ရှင်းပြတာနည်းနည်းတော့ရှည်ပါတယ်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ မြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို သွားခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို သွားနိုင်ဖို့ အခြေခံဥပဒေကို တပ်မတော်အစိုးရက ဦးဆောင်ပြီး လူထုလူတန်းစားကိုယ်စားလှယ် ၇၀၀ ကျော်နဲ့ ဆွေးနွေးရေးဆွဲခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီက ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ USDP က နိုင်တယ်။ USDP အစိုးရလက်ထက်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဘယ်လောက်အောင်မြင်ခဲ့တယ်ဆိုတာ နိုင်ငံတကာက သိပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ NLD ပါတီက တောင်းဆိုခဲ့တာ၊ အခြားနိုင်ငံရေးပါတီတွေက တောင်းဆိုခဲ့တာတွေကို ထည့်သွင်းစဉ်းစားပြီး NLD ပါတီ ရွေးကောက်ပွဲဝင်နိုင်ရေး ရွေးကောက်ပွဲဥပဒေကို ကျွန်တော်တို့ ပြင်ဆင်ပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲမှာ NLD ပါတီ အများစုနိုင်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲရောက်လာပါတယ်။ လွှတ်တော်ကော်မတီတစ်ခုမှာ ဥက္ကဋ္ဌအဖြစ်နေရာပေးခဲ့တယ်။ ဒါသမိုင်းကြောင်းပဲ။ ဦးသိန်းစိန်အစိုးရနဲ့ တပ်မတော်က NLD ပါတီကို နေရာမပေးဘူးဆိုရင် ဒီလိုလုပ်ငန်းတွေ ဘယ်လိုလုပ်လုပ်မှာလဲ။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုပ်တယ်။ NLD နိုင်တယ်။ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအဖွဲ့တွေက NLD ပါတီကို အာဏာလွှဲမပေးမှာ စိတ်ပူကြတယ်။ အာဏာလွှဲပြောင်းရေးအစီအစဉ် ဘယ်လောက်အထိချောမွေ့ခဲ့သလဲဆိုတာ မျက်မြင်ပါပဲ။ ၂၀၁၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ တပ်မတော်အနေနဲ့ NLD အစိုးရရဲ့ အုပ်ချုပ်မှုမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ထောက်ပြပြောဆိုမှုတွေ ပြုလုပ်ခဲ့တာကလွဲလို့ အစိုးရရဲ့လုပ်ဆောင်မှုတွေမှာ ပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် တပ်မတော်နဲ့ ပတ်သက်ပြီး NLD ပါတီ အစွန်းရောက်တွေရဲ့ ဝေဖန်မှုတွေ၊ နိုင်ငံတော်လုံခြုံရေးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ဖျက်လိုက်တာတွေ၊ လွှတ်တော်မှာ ဘယ်လိုလုပ်ခဲ့သလဲဆိုတဲ့ မှတ်တမ်းတွေ ပြန်ကြည့်ရင်သိနိုင်ပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ NLD ပါတီအနေနဲ့




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းအား ဆက်သွယ်မေးမြန်း ဖြေကြားမှုများကို ဖော်ပြထားသည့် အောက်တိုဘာ ၁၀ ရက်ထုတ် Mainichi Shimbun သတင်းစာ။**

ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်ချက်တွေ လုပ်ခဲ့ပါတယ်။ လုပ်ခဲ့တာမှာ ရွေးကောက်ပွဲမစခင်ကတည်းက လုပ်ခဲ့တာပါ။ ဥပမာ ရွေးကောက်ပွဲ မဲလက်မှတ်တွေမှာ မဲပေးတဲ့အမှတ်အသား မထင်အောင် ဖယောင်းသုတ်ထားတယ် ဆိုတာမျိုးက စလို့ပေါ့။ ဒါက ဥပမာအနေနဲ့ ပြောပြတာပါ။ ဒါကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲမဲလက်မှတ်တွေ ရိုက်နှိပ်တာကစပြီး UEC က နိုင်ငံရေးပါတီအားလုံးကိုဖိတ်ခေါ်ပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်အားလုံးကို ခေါ်ပြခဲ့တယ်။ အစစ်ခံခဲ့တယ်။ ရွေးကောက်ပွဲကာလ၊ အပြီးကာလတွေမှာလည်း နိုင်ငံရေးပါတီ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေရဲ့ ကန့်ကွက်မှုတွေကိုလည်း လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးခဲ့ပါတယ်။ မဖြေရှင်းနိုင်တာ ဘာမှမရှိခဲ့ပါဘူး။

ခု ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာတော့ နိုင်ငံရေးပါတီတွေက မဲလက်မှတ်တွေ ဘယ်မှာရိုက်တယ်၊ ဘယ်လောက်ရိုက်တယ်၊ စစ်ဖို့တောင်းခဲ့တယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြည့်ဖို့ တောင်းခဲ့ပါတယ်။ ခွင့်မပြုခဲ့ပါဘူး။ ရွေးကောက်ပွဲမတိုင်မီကတည်းက NLD ပါတီကလွဲလို့ အခြားနိုင်ငံရေးပါတီတွေရဲ့ မဲဆွယ်စည်းရုံးမှုတွေကို ကိုဗစ်-၁၉ ကပ်ရောဂါအကြောင်းပြပြီး ကန့်သတ်မှုတွေ အမျိုးမျိုးလုပ်ခဲ့ပါတယ်။ NLD ပါတီအနေနဲ့ကတော့ လူစု၊ လူဝေးနဲ့ လှည့်လည်စည်းရုံးခွင့်တွေကို လွတ်လွတ်လပ်လပ် ပြုလုပ်ခဲ့ပါတယ်။ အစိုးရပိုင် မြန်မာ့အသံနဲ့ရုပ်မြင်သံကြားမှာ အခြားပါတီတွေရဲ့ မဲဆွယ်စည်းရုံးမှုတွေကို ဆင်ဆာဖြတ်ခဲ့ပါတယ်။ ဒါ့ကြောင့် အချို့နိုင်ငံရေးပါတီတွေက မဲဆွယ်စည်းရုံးစကားတောင်မပြောဘဲ သပိတ်မှောက်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာရှိတဲ့ မြို့ပေါင်း ၉၀ မှာ ရွေးကောက်ပွဲအတွက် NLD ပါတီရဲ့ လုပ်ရပ်တွေကို ဆန္ဒပြမှုပေါင်း ၂၀၀ လောက်ရှိခဲ့ပါတယ်။ မီဒီယာပိုင်းမှာလည်း တစ်ဖက်သတ်နှိပ်ကွပ်ထားလို့ ဒါတွေကို မီဒီယာတွေနဲ့ နိုင်ငံတကာက မသိခဲ့ပါဘူး။

ရွေးကောက်ပွဲမတိုင်မီကာလမှာ ဖြစ်ပေါ်နေတဲ့ ဥပဒေနဲ့မညီညွတ်မှု၊ တရားမျှတခြင်းကင်းမဲ့မှု၊ ချို့ယွင်းအားနည်းချက်တွေကို တပ်မတော်အနေနဲ့ ရွေးကောက်ပွဲ မတိုင်မီ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ **"၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြိုကာလ၌ ဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ သဘောထား ထုတ်ပြန်ချက်"** ကို တရားဝင် ထုတ်ပြန်သတိပေး၊ အသိပေးခဲ့ပါတယ်။

အဲဒီအထဲမှာ ဥပဒေနဲ့ မညီညွတ်တာတွေအနေနဲ့ လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၉၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ **"ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီဆိုင်ရာ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသော် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သော်လည်းကောင်း ထုတ်ပြန်ခြင်း"** လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြေညာစာတွေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ရာမှာ တည်ဆဲဥပဒေများအပေါ် အခြေခံပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။

အဲဒီရွေးကောက်ပွဲ အကြိုကာလအတွင်းမှာ နိုင်ငံရေးပါတီတွေရဲ့ တရားဝင်ထုတ်ပြန်ချက်၊ သတင်းစာရှင်းလင်းပွဲ၊ မီဒီယာများသို့ ပြောကြားချက်၊ သတင်းဖော်ပြချက်တွေမှာ ကြိုတင်ဆန္ဒမဲကောက်ယူခြင်းမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ မညီတဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်တာတွေ၊ ချိုးဖောက်တာတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီအတွက် သက်သေအမြောက်အမြားရှိပါတယ်။ NLD ပါတီဝင်တွေ၊ စည်းရုံးရေးမှူးတွေ ကိုယ်တိုင် ကြိုတင်ဆန္ဒမဲကောက်တာတွေ၊ လမ်းလယ်ကောင်မှာ မဲပေးတာတွေ တစ်ပုံကြီးပါ။ **"နိုင်ငံသားကတ်၊ မှတ်ပုံတင်မရှိဘဲ မဲပေးခွင့်ပြုခဲ့တာ"** တစ်ပုံကြီးပါ။

ရွေးကောက်ပွဲအတွက် အထောက်အကူပြုအဖွဲ့ဆိုပြီး သူတို့ဖွဲ့ခဲ့ပါတယ်။ အဲဒီအဖွဲ့ထဲမှာ NLD ပါတီ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်တွေက ပေးထားတဲ့ NLD ပါတီဝင်တွေကို ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုမျိုး လုပ်ခဲ့တဲ့၊ သူတို့တရားဝင်ထုတ်ခဲ့တဲ့ ညွှန်ကြားချက်စာရွက်စာတမ်းတွေကိုလည်း ကျွန်တော်တို့က သံတမန်တွေရဲ့ရှေ့မှာ၊ သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်တွေရဲ့ရှေ့မှာ ကျွန်တော်တို့အနေနဲ့ မူရင်းအတိုင်းပြသပြီး ဖြစ်ပါတယ်။

တရားမျှတမှုကင်းတယ် ဆိုတာကတော့ ကျွန်တော်ခုနက ပြောခဲ့ပြီးပါပြီ။ တန်းတူညီမျှ မဲဆွယ်ခွင့်မရတာပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

- ❑ **ဒီရွေးကောက်ပွဲဟာ တပ်မတော်အပါအဝင် အခြားသောနိုင်ငံရေးပါတီများအနေနဲ့ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း ထုတ်ဖော်ပြနိုင်မယ်ဆိုရင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်စေမှာဖြစ်လို့ လက်ခံမယ်လို့ တရားဝင်ပြောခဲ့ပါတယ်။**
- ❑ **ဇန်နဝါရီလ ၂၆ ရက်နေ့မှာ နိုင်ငံတကာသတင်းမီဒီယာ ပြည်တွင်း၊ ပြည်ပအားလုံးကို ဖိတ်ပြီး မဲမသမာမှု တွေ့ရှိချက်တွေကို စာရင်းဇယား၊ စာအုပ်၊ ကွန်ပျူတာ၊ ပရိုဂျက်တာတွေနဲ့ ပြသခဲ့တယ်။ မဲမသမာမှုအရေအတွက် ၁၀ သန်း ၄ သိန်း ရှိခဲ့တယ်။ စိတ်ကြိုက်စစ်ဆေး ကြည့်ရှုခွင့်ပြုခဲ့တယ်။ ကမ္ဘာသိ ထုတ်ပြန်ခဲ့တယ်။**

ချို့ယွင်းအားနည်းချက် ဆိုတာကတော့ အထွေထွေပါပဲ။ မဲစာရင်းကို ၃ ကြိမ်ခန့် ထုတ်ပြန်ခဲ့တယ်လို့သိရပါတယ်။ သို့သော်နောက်ဆုံးထုတ်ပြန်တဲ့ မဲဆန္ဒရှင်စာရင်းကို ဝင်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေတောင် မရခဲ့ပါဘူး။ လက်တွေ့မှာ ရွေးကောက်ပွဲပြင်ဆင်ဖို့အတွက် ၄ နှစ်ကျော် ၅ နှစ်နီးပါး အချိန်ရခဲ့တာတောင် ကြိုတင်ဆန္ဒမဲလက်မှတ်ထည့်တဲ့ စာအိတ်တွေ ပေါက်နေတာကအစ ကြုံရပါတယ်။ ခင်ဗျားတို့ဂျပန်မှာ ကြိုတင်မဲပေးတဲ့ မြန်မာတွေကိုယ်တိုင်ကြုံခဲ့လို့ စာအိတ်ကြီးကို ကိုင်ပြီး LIVE တောင် လွှင့်ပြခဲ့ပါသေးတယ်။

ရွေးကောက်ပွဲပြီးတဲ့အချိန်မှာတော့ နိုင်ငံရေးပါတီတွေ၊ ရွေးကောက်ပွဲဝင်ခဲ့တဲ့ လွှတ်တော်အမတ်လောင်းတွေက သူတို့ရွေးကောက်ပွဲဝင်ခဲ့တဲ့ မြို့တွေရဲ့ မဲမသမာမှုတွေကို စာရင်းဇယား၊ သက်သေအထောက်အထားတွေနဲ့ တပ်မတော်ကို တင်ပြလာပါတယ်။ အဲဒီကတည်းကတိုင် မြို့နယ်တစ်ခုတည်းမှာပဲ မဲစာရင်းထပ်နေတာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးတာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းနဲ့ ၃ ကြိမ်အထိ မဲစာရင်းထဲပါနေတာတွေ တွေ့ရပါတယ်။ ဒါကြောင့် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ တပ်မတော်က မဲစာရင်းအမှန်များ ကူးယူခွင့် တောင်းခံခဲ့ပါတယ်။ တပ်မတော်သားတွေလည်း ပြည်သူနဲ့အတူ မဲပေးခဲ့ပါတယ်။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်များ၊ လွှတ်တော်အမတ်လောင်းများက မဲစာရင်းတောင်းရင် မိတ္တူကူးခ ၂၅ ကျပ်သွင်းပြီး မည်သူမဆိုကူးယူခွင့်ရှိရမှာဖြစ်ပါတယ်။ ဒါကို ဥပဒေနဲ့မညီဘူးဆိုပြီး ဒီဇင်ဘာလ ၇ ရက်နေ့မှာ UEC က တုံ့ပြန်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဥပဒေအကြောင်းခြင်းရာအရ ပြန်လည်ဖြေရှင်းမှုကို ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ မသိကျိုးကျွန်ပြုခဲ့ပါတယ်။ သူတို့မှန်ရင် ဒီမဲစာရင်းပေးရမှာပေ့ါ။ ရိုးရိုးလေး စဉ်းစားကြည့်ရင် တွေ့နိုင်ပါတယ်။ ဒီကြားထဲမှာ တပ်မတော်အနေနဲ့ လွှတ်တော်အမတ်လောင်းအချို့ဆီက နောက်ဆုံးရရှိတဲ့ မဲစာရင်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီး တွေ့ရှိတဲ့ မဲမသမာမှုတွေကို မြို့နယ်အလိုက် ၂၃-၁၂-၂၀၂၀ ရက်နေ့ကတည်းက နေ့စဉ်၊ အပတ်စဉ် ထုတ်ပြန်ခဲ့ပါတယ်။ UEC အနေနဲ့ ထပ်ပြီးမသိကျိုးကျွန်ပြုခဲ့တယ်။ ၁၁-၁-၂၀၂၁ ရက်နေ့မှာတော့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးက ဒီမဲစာရင်းတွေရှင်းလင်းဖို့ ပြည်ထောင်စုလွှတ်တော်နာယကကို လွှတ်တော်အရေးပေါ်အစည်းအဝေးခေါ်ယူဖို့ စုစည်းတောင်းဆို တင်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် ၈၃ နဲ့ ၈၄ အရ လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၄ ပုံ ၁ ပုံက တောင်းဆိုရင် လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ပေးရမှာဖြစ်ပါတယ်။ ဒါကိုလည်း မသိချင်ယောင် ဆက်ဆောင်ခဲ့ပါတယ်။

၂၀-၁-၂၀၂၁ ရက်နေ့မှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တွေ့ရှိချက်၊ တပ်မတော်ရဲ့ သဘောထားကို တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ့အချိန်ထိ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်ကို စစ်ရာမှာ မြို့နယ်တစ်ခုချင်းအလိုက် မဲမသမာမှုဖြစ်နိုင်တဲ့၊ ထပ်နေတဲ့ မဲစာရင်း ၂ သန်း ၉ သိန်းကျော်၊ မဲမသမာမှုဖြစ်နိုင်တဲ့ အခြားမဲစာရင်း ၄ သန်း ၆ သိန်း၊ စုစုပေါင်း ၇ သန်း ၆ သိန်းကျော်ရှိကြောင်း၊ နောက် မြို့နယ်တစ်ခုချင်းအလိုက် အပြန်အလှန် (Cross Check) စစ်ရာမှာလည်း မဲမသမာမှုဖြစ်နိုင်တဲ့၊ အပြန်အလှန်ပါနေတဲ့မဲစာရင်း ၂ သိန်း ၅ သောင်း တွေ့ရကြောင်း၊ ဆက်ပြီး စစ်ဆေးနေတယ်လို့ ပြောခဲ့ပါတယ်။ အသက် ၁၀၀ နဲ့အထက် မဲစာရင်းမှာ ပါနေသူ ၁ သောင်း ၈ ထောင်၊ အသက် ၁၈ နှစ်မပြည့်ဘဲ ပါနေသူ ၁ သောင်း ၁ ထောင်၊ နိုင်ငံသားစိစစ်ရေးကတ်မရှိတဲ့ မဲစာရင်းပါသူ ၄ သန်း ၆ သိန်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တူနေသူ ၂ သန်း ၉ သိန်း၊ သေဆုံးပြီးသူ ၆၁၃ ဦးပါနေတယ်ဆိုတာ ထုတ်ပြန်ခဲ့ပါတယ်။ ဒ့ါကြောင့် ဒါတွေကို ဖြေရှင်းပေးဖို့ UEC ကို တောင်းဆိုခဲ့ပါတယ်။ လွှတ်တော်ကို တောင်းဆိုခဲ့ပါတယ်။ လျစ်လျူရှုခံရတယ်။ ခု **"ဒီရွေးကောက်ပွဲဟာ တပ်မတော်အပါအဝင် အခြားသော နိုင်ငံရေးပါတီများအနေနဲ့ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း ထုတ်ဖော်ပြနိုင်မယ်ဆိုရင် ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ထင်ဟပ်စေမှာဖြစ်လို့ လက်ခံမယ်လို့ တရားဝင်ပြောခဲ့ပါတယ်။"** ဒါကြောင့် ရွေးကောက်ပွဲကော်မရှင် သို့မဟုတ် လွှတ်တော် သို့မဟုတ် အစိုးရက ဖြေရှင်းပေးပါလို့ တောင်းဆိုခဲ့ပါတယ်။ ဒါဟာ ခု နိုင်ငံတကာကပြောနေတဲ့ စေ့စပ်ဆွေးနွေးညှိနှိုင်းရေး လမ်းကြောင်းပဲဖြစ်ပါတယ်။ ဒီထုတ်ပြန်ချက်တွေကို ကျွန်တော်တို့ တရားဝင်ထုတ်ပြန်ခဲ့တယ်။ ပုန်းလျှိုးကွယ်လျှိုးလုပ်တာ မဟုတ်ဘူး။ ဒီလမ်းကြောင်းကို ပစ်ပယ်ခဲ့တာ NLD အစိုးရပဲ ဖြစ်ပါတယ်။

ဇန်နဝါရီလ ၂၆ ရက်နေ့မှာ နိုင်ငံတကာသတင်းမီဒီယာ ပြည်တွင်း၊ ပြည်ပအားလုံးကို ဖိတ်ပြီး မဲမသမာမှုတွေ့ရှိချက်တွေကို စာရင်းဇယား၊ စာအုပ်၊ ကွန်ပျူတာ၊ ပရိုဂျက်တာတွေနဲ့ ပြသခဲ့တယ်။ မဲမသမာမှုအရေအတွက် ၁၀ သန်း ၄ သိန်းရှိခဲ့တယ်။ စိတ်ကြိုက်စစ်ဆေး ကြည့်ရှုခွင့်ပြုခဲ့တယ်။ ကမ္ဘာသိ ထုတ်ပြန်ခဲ့တယ်။ ၃၀-၁-၂၀၂၁ ရက်နေ့မှာ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ သွားတော့မယ်လို့ သတင်းထုတ်ပြန်ခဲ့တယ်။ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ မြန်မာနိုင်ငံထဲက အချို့သံရုံးတွေအနေနဲ့ ဒီမဲမသမာမှုကို မသိချင်ယောင်ဆောင်နေပြီး ဝေဖန်လာလို့ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆက်သွားမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း-၁၂ အရေးပေါ်ဆိုင်ရာပြဋ္ဌာန်းချက်အရ၊ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အာဏာထိန်းခဲ့ပါတယ်။ အသစ်ပြန်လည်ဖွဲ့စည်းခဲ့တဲ့ UEC နဲ့ မဲစာရင်းတွေကို စစ်ဆေးခဲ့ပါတယ်။ စာရင်းဇယားတင်မဟုတ်ဘဲ မြေပြင်မှာပါ စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ သက်သေအမြောက်အမြားရယူခဲ့ပါတယ်။ မဲမသမာမှု ၁၁ သန်း ကျော် ရှိပါတယ်။ တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ ၂၇-၈-၂၀၂၁ ရက်နေ့မှာ သက်သေအထောက်အထား မြောက်မြားစွာနဲ့ နိုင်ငံတကာသံရုံး ကိုယ်စားလှယ်တွေ၊ မီဒီယာတွေရှေ့မှာ ပြသခဲ့ပါတယ်။ စိတ်ကြိုက်ကြည့်ရှုခွင့်ပေးခဲ့ပါတယ်။ မဲမသမာမှုဖြစ်နေတဲ့ မဲလက်မှတ်တွေကိုပါ ထုတ်ဖော်ပြသခဲ့ပါတယ်။ မဲမသမာမှုတွေ၊ မှားယွင်းမှုတွေ ရှိခဲ့တယ်ဆိုတာကို ယခင် UEC အဖွဲ့ဝင်ဟောင်းတွေရဲ့ ဝန်ခံချက်တွေကိုလည်း ကျွန်တော် သတင်းစာရှင်းလင်းပွဲမှာ ပြသခဲ့ပြီးဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်လည်း ဝန်ခံခဲ့ပါတယ်။ NLD အစိုးရရဲ့ ရွေးကောက်ပွဲအပေါ် ဝင်ရောက်စွက်ဖက်မှုတွေကိုလည်း မှူရင်းအတိုင်း ခိုင်လုံစွာပြသခဲ့ပါတယ်။ ဩဂုတ်လကုန်မှာပဲ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးက ရန်ကုန်မှာ နိုင်ငံတကာသံအမတ်တွေနဲ့ တွေ့ပြီး သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ထပ်ပြီး ရှင်းပြခဲ့ပါတယ်။ ဒီထက်ပိုပြီး ကျွန်တော်တို့က ဘာကိုထပ်ပြီး သက်သေပြရမှာလဲ။ ရွေးကောက်ပွဲမတိုင်မီမှာ အသိပေး၊ သတိပေးခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးကာလမှာ တွေ့ဆုံညှိနှိုင်း အဖြေရှာဖို့ နည်းမျိုးစုံနဲ့ပြောခဲ့တယ်။ တွေ့ရှိချက်တွေကိုလည်း နိုင်ငံတကာကို ပြသခဲ့၊ ပြောခဲ့တယ်။ ခေါင်းဆောင်များအကြား ကိုယ်စားလှယ်များနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီမှာ ကျွန်တော်ပြောလိုတာ ၂ ခုပဲရှိတယ်။ **(တစ်)** ကျွန်တော်တို့ ပြောနေတာတွေက အရင်ကတည်းက မမှန်ဘူးဆိုရင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကတည်းက ဘာလို့မသိချင်ယောင်ဆောင်နေတာလဲ၊ မဖြေရှင်းတာလဲ။ **(နှစ်)** ဒီလိုသက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြနေတာကို ဘာကြောင့် မသိချင်ယောင်ဆောင်တာလဲ။ ထပ်ကြည့်ချင်သေးရင် လာခဲ့ပါ။ လက်ရှိ UEC အနေနဲ့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြသဖို့ အသင့်ရှိတယ်။

**မေး ။ ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး ဘာများလုပ်ဆောင်ဖို့ရှိပါသလဲ။ သူလွှတ်မြောက်ရေးနဲ့ပတ်သက်တဲ့ အခြေအနေတွေနဲ့ ဖြစ်နိုင်ခြေတွေကတော့ ဘာတွေပါလဲ။ ဒ့ါအပြင် NLD အမှုဆောင်အဖွဲ့ဝင်တွေကိုကော ဘယ်လိုများ ဆက်လက်လုပ်ဆောင်သွားမှာပါလဲ။ အကယ်၍ တရားရုံးက ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမယ်ဆိုရင် လက်ရှိတာဝန်ရှိသူတွေအနေနဲ့ကလည်း အဲဒီဆုံးဖြတ်ချက်အတိုင်းပဲ လက်ခံမှာပါလား။**

**ဖြေ** ။ ။ ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်ပါမယ်။ တရားရင်ဆိုင်နေဆဲဖြစ်တဲ့အတွက် တရားရုံးရဲ့ အဆုံးအဖြတ်ပါပဲ။ ဥပဒေကို ကျော်လွန်ပြီး လုပ်ဆောင်မှာ မဟုတ်ပါဘူး။ ကျန်သူများအတွက်လည်း ဒီလိုပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားစီရင်ရေးစနစ်ဟာ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ဖြစ်ပါတယ်။ နောက်တစ်ခု အခုလက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ တရားသူကြီးချုပ်ဟာလည်း ယခင် NLD လက်ထက်ကတည်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ တရားသူကြီးချုပ်ဖြစ်ပါတယ်။

**မေး ။ ။ တပ်မတော်အနေနဲ့ နောက်ထပ်ပြုလုပ်မယ့် ရွေးကောက်ပွဲအတွက် ဘယ်လိုလုပ်ဆောင်သွားမှာပါလဲ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကကော ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်တွေနဲ့ ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံမှာပါလား။ အခုပြုလုပ်မယ့် ရွေးကောက်ပွဲမှာ NLD က ထပ်မံအနိုင်ရခဲ့မယ်ဆိုရင် ဒီရွေးကောက်ပွဲရလဒ်ကို SAC အနေနဲ့ လက်ခံသွားဖို့ ရှိပါသလား။ နောက်ရွေးကောက်ပွဲမှာ အနိုင်ရမယ့်ပါတီကို အာဏာမလွှဲပြောင်းခင် လုပ်ဆောင်မယ့် လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

**ဖြေ** ။ ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စီမံဆောင်ရွက်မှာက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ နိုင်ငံရေးပါတီများအား စည်းကမ်းစနစ်တကျရှိစေရေး၊ လုပ်ငန်းဆောင်တာများ၊ ရန်ပုံငွေများ၊ ပါတီဝင်အရေအတွက်စစ်ဆေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ အလေးအနက်ထား ပြောကြားလိုတာက တပ်မတော်ဟာ ပြည်သူ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်လမ်းခင်းပေးခဲ့ပါတယ်။ အခုအချိန်မှာ အခြေခံဥပဒေနဲ့အညီ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့အစိုးရ၊ တပ်မတော်အနေနဲ့ ခိုင်ခိုင်မာမာအာမခံပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှာ နောက်ဆုံးအချက်က **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"** လို့ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဘယ်နိုင်ငံရေးပါတီအနိုင်ရရ ဒီအတိုင်းပဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အာဏာမလွှဲပြောင်းခင် လုပ်ဆောင်မယ့် အဆင့်တွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ ပုဒ်မ-၄၂၄၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀ အတိုင်း ဖြစ်ပါတယ်။ အဲဒီအချက်တွေကို အကျဉ်းချုပ်ပြောရရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာထားသော်လည်း ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှိပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ ရှိပါတယ်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ အရေးပေါ်ကာလပြဋ္ဌာန်းချက်အရ ၁ နှစ်အတွင်းမှာ သူ့ကိုပေးအပ်ထားတဲ့ တာဝန်များမပြီးဆုံးသေးရင် အဲဒီကောင်စီကိုတင်ပြလာပါက အရေးပေါ်ကာလကို တစ်ကြိမ်လျှင် ၆ လနဲ့ နှစ်ကြိမ်တိုးရမှာ ဖြစ်ပါတယ်။ ပြီးရင် ပုဒ်မ-၄၂၆ အရ အရေးပေါ်ကာလမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းများပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကအစီရင်ခံရင် အရေးပေါ်ကာလဖျက်သိမ်းကြောင်း ကြေညာပြီး နောက်၆လအတွင်းမှာ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရမှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပညာပြည့်ဝ နှလုံးသားလှနိုင်ကြစေ တို့လူငယ်တွေ

*ထွန်းထွန်း(ခရေရိုပ်)*

**အောက်တိုဘာ ၅ ရက်နေ့က ကမ္ဘာ့ဆရာများနေ့ဆိုတော့ ဆရာ ဆရာမတွေနဲ့ ဆက်စပ်ပြီး စိတ်ထဲစွဲမြဲအမှတ်ရစရာတစ်ခုက ခေါင်းထဲပေါ်လာပါတယ်။ မှတ်မှတ်ရရဆိုရရင် ၇ တန်းနှစ်ကပါ။ သမိုင်းသင်တဲ့ ဆရာက ဖြစ်ရပ်တစ်ခု၊ ရာဇဝင်တစ်ခုကို ပုံပြင်တစ်ပုဒ်လို တစ်ထိုင်တည်း အလွတ်ရအောင် သင်နိုင်သူပါ။ အသင်အပြကောင်းသလို အရိုက်လည်း ကြမ်းလို့ ကျောင်းသူ ကျောင်းသားတွေက ကြောက်ကြပါတယ်။**

တစ်နေ့မှာတော့ သမိုင်းစာသင်ချိန်ရဲ့ရှေ့က ဆရာမက ကျောင်းမလာပါဘူး။ မုန့်စားဆင်းချိန် မတိုင်ခင်လည်းဖြစ်တော့ ထုံးစံအတိုင်း အားလုံးက ဗိုက်ဆာနေကြပါတယ်။ ၇ တန်း စာသင်ဆောင်က ကျောင်းရဲ့ အနောက်ခြံစည်းရိုးနဲ့ ကပ်နေတာဆိုတော့ စာရေးသူနဲ့ သူငယ်ချင်းတို့က ကျောင်းအနောက်ဘက်မလွယ်ပေါက်က မုန့်ထွက်ဝယ်ဖို့ ဆုံးဖြတ်ကြပါတယ်။ ဗိုက်ဆာနေတဲ့ အခြားသူငယ်ချင်းတွေကလည်း အီကြာကွေး၊ ပဲပလာတာ၊ စမူဆာ စသဖြင့် ဝိုင်းဝန်းမှာကြပါတယ်။ အသွားမှာ ခြေလှမ်းသွက်ခဲ့သလောက် အခန်းထဲကို ပြန်အဝင်မှာတော့ ကြိမ်လုံးကိုင်ထားတဲ့ သမိုင်းဆရာနဲ့ ပက်ပင်းတိုးပါတော့တယ်။

တစ်ခန်းလုံးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကလည်း မျက်နှာသေလေးတွေနဲ့ ကျွန်တော်တို့ကိုတစ်လှည့် ဆရာကိုတစ်လှည့် ပြူးကြောင်ကြည့်နေပါတယ်။ ဆရာက မင်းတို့ကို ဘယ်သူလွှတ်လိုက်တာလဲဆိုပြီး ကျွန်တော်တို့ကို မေးပါတယ်။ ကြောက်လွန်းလို့ တုန်နေပေမယ့် ဘယ်သူကိုမှ အပြစ်ပုံချမနေတော့ဘဲ လိမ်ရင်ပိုနာမှာ စိုးတာကြောင့်လည်း ဗိုက်ဆာလို့ ခွင့်ပြုချက်မတောင်းဘဲ ခိုးထွက်ခဲ့ကြောင်း ဝန်ခံလိုက်ပါတယ်။

ဒါပေမယ့် အဲဒီနေ့က အရိုက်ကြမ်းတဲ့ဆရာက ကျွန်တော်တို့ကို မရိုက်ခဲ့ပါဘူး။ ဆရာမ မလာတဲ့ စာသင်ချိန်ကို အစားထိုးဝင်ပေးခဲ့တဲ့ ဆရာထွက်သွားမှ တစ်ခန်းလုံး ကျွက်စီကျွက်စီ ဖြစ်ကုန်ကာ ကျွန်တော်တို့နှစ်ဦး ဝယ်လာတဲ့ မုန့်တွေကို သူ့ဟာ၊ ကိုယ့်ဟာ ခွဲဝေယူပြီး စားသောက်ကြပါတယ်။ ဒီအဖြစ်အပျက်က စိတ်လှုပ်ရှားခဲ့ရတာ အမှန်ပါ။

### လွမ်းဆွတ်အမှတ်ရစရာ

ကျူးလွန်ခဲ့တဲ့ အပြစ်တစ်ခုကို မလိမ်ဘဲဝန်ခံတာ၊ အခြားသူတွေကို အပြစ်ပုံမချဘဲ တာဝန်ခံမှုရှိတာတွေကို ဆရာက သဘောကျတဲ့အတွက် ကျွန်တော်တို့ကို အပြစ်က ခွင့်လွှတ်လိုက်တယ်ဆိုတာကို တဖြည်းဖြည်း ခံစားနားလည်မိလာပါတယ်။ အဲဒီအချိန်တုန်းက ကြောက်ရွံ့တုန်လှုပ်ခဲ့ရတာမှန်ပေမယ့် အခုအချိန်မှာ လွမ်းဆွတ်အမှတ်ရစရာ အတိတ်ဖြစ်ခဲ့ရပါပြီ။

ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း မွေးရပ်ဇာတိနဲ့ ဝေးကွာခဲ့ရတာကြောင့် ဆရာလည်း သက်ရှိထင်ရှားမှ ရှိပါတော့မလား။ သက်ရှိထင်ရှားရှိနေဆဲဆိုရင်လည်း ဆရာ အစပြု မွေးဖွားပေးလိုက်တဲ့ အပြစ်ရှိရင် ဝန်ခံရဲတဲ့စိတ်ဓာတ်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဒီလို စိတ်ဓာတ်တွေနဲ့ ရေဆန်လေထန်ကြားမှာ ဘဝကိုဖြတ်သန်းနေတဲ့ တပည့်တစ်ဦးကို ဆရာမှတ်မိပါလေစ။ မသေချာတော့ပါ။

စာရေးသူတို့ ငယ်စဉ်က ဆရာ ဆရာမတွေကို ချစ်လည်းချစ်၊ ကြောက်လည်း ကြောက်ခဲ့ရပါတယ်။ စာသင်ခန်းထဲမှာမှမဟုတ် အမြင်မတော်ရင် အပြင်မှာတောင် ဆရာတွေက တပည့်တွေကို ရိုက်နှက်ဆုံးမရဲကြပါတယ်။ ဒါကို ကျောင်းသားတွေ၊ မိဘတွေကလည်း နားလည်လက်ခံကျေနပ်ကြပါတယ်။

### အလွယ်တကူ သင်ယူနိုင်

ယနေ့ သတင်းအချက်အလက်နည်းပညာခေတ်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အပြိုင် ဆရာနဲ့ တပည့် ဆက်ဆံရေး၊ သင်ကြားသင်ယူမှု၊ တွေးခေါ်မှုပုံစံတွေက ပြောင်းလဲလာပါတယ်။ ဆရာနဲ့အပြိုင် ဆွေးနွေးရဲတာ၊ ငြင်းခုံရဲတာတွေကို သင်ကြားသင်ယူမှုမှာ လက်ခံကျင့်သုံးလာကြပါတယ်။ စာသင်ခန်းတွေထဲမှာ သင်ယူမှုတွေအပြင် YouTube လို အင်တာနက်ဝက်ဘ်ဆိုက်တွေကနေ လေ့လာရတာတွေ၊ Zoom နဲ့ အွန်လိုင်းကနေ အလွယ်တကူ သင်ယူနိုင်တာတွေလည်း ရှိလာပါတယ်။

အထူးသဖြင့် ယခုလို ကိုဗစ် –၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေချိန်မှာ စာသင်ကျောင်းတွေကို ပိတ်ထားရတဲ့အတွက် လူနေမှုပုံစံတွေ၊ လေ့လာသင်ယူမှုပုံစံတွေ ပြောင်းလဲလာတာ သဘာဝကျပါတယ်။

သို့သော် စာသင်ခန်းထဲမှာ ဆရာနဲ့မျက်နှာချင်းဆိုင်သင်ရတာ မဟုတ်တဲ့အတွက် ဆရာနဲ့ တပည့်ကြားက မေတ္တာတရား၊ နွေးထွေးမှု၊ ရင်းနှီးချစ်ခင်မှု၊ သံယောဇဉ်တွေကတော့ ဟိုးတုန်းခေတ်ဆီကလို မရင့်သန်နိုင်တော့တာကို စိုးရိမ်ဖွယ် တွေ့မြင်လာရပါတယ်။ ဆရာ သမား မိဘစကားကို နားထောင်တတ်တဲ့၊ ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူများကို သနားငဲ့ညှာတတ်တဲ့၊ (၃၈) ဖြာ မင်္ဂလာတရားတော်တွေနဲ့ အလေ့အကျင့်ကောင်းတွေ၊ စိတ်ထားအလှတွေကို စာသင်ကျောင်းတွေက လေ့ကျင့်ပျိုးထောင်ကြရမှာ ဖြစ်ပါတယ်။

ရောဂါကူးစက်မှု ၅ ရာခိုင်နှုန်းအောက်ရောက်တဲ့၊ စိတ်ချရတဲ့ အခြေအနေမှာ စာသင်ကျောင်းတွေကို ပြန်လည်ဖွင့်လှစ်မှာဖြစ်တယ်လို့ နိုင်ငံတော်အကြီးအကဲက ပြောကြားထားပါတယ်။ ဒ့ါအပြင် စီနိုဗက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးက အသက် ၁၂ နှစ်နဲ့အထက် ကလေးတွေ ထိုးနှံနိုင်တယ်လို့ သိရတဲ့အတွက် ကျောင်းတွေပြန်လည်ဖွင့်လှစ်ချိန်မှာ စိတ်ချလက်ချ ပညာသင်ကြားနိုင်ဖို့ ယခုလကုန်အတွင်း တရုတ်နိုင်ငံက လှူဒါန်းတဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး နှစ်သန်းကို ကျောင်းသား ကျောင်းသူတွေကို ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။

> ❑ **ကိုဗစ် –၁၉ ကပ်ရောဂါကာကွယ်ရေး စည်းကမ်းတွေကို လိုက်နာရင်း တစ်ဖက်ကလည်း ကလေးတွေရဲ့ အသိပညာ၊ အတတ်ပညာ၊ တတ်ကျွမ်းမှု၊ နားလည်မှုတို့ကို တဖြည်းဖြည်း စနစ်ကျကျနဲ့ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ သို့မှသာ ကိုဗစ်အလွန်ကာလ ပြန်လည်တည်ဆောက်ကြရမယ့် အနာဂတ်နိုင်ငံအတွက် ပညာ ဗဟုသုတနဲ့ ပြည့်ဝ၊ နှလုံးသားလှတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အဖြစ် ပါဝင်နိုင်စေဖို့ ဝိုင်းဝန်းပျိုးထောင်**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ တည်မှီနေပါတယ်။ ခေတ်အဆက်ဆက် ကမ္ဘာ့နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို လေ့လာဆန်းစစ်ကြည့်ရင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုက အဆုံးအဖြတ်ပေးခဲ့တာကို တွေ့မြင်ရပါတယ်။ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားတဲ့ တိုင်းပြည်က နိုင်ငံကြီးတာ၊ ငယ်တာ၊ သယံဇာတကြွယ်ဝတာ၊ မကြွယ်ဝတာထက် နိုင်ငံမှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအပေါ် မူတည်ပြီး ဖွံ့ဖြိုးတိုးတက်နေကြတာကို တွေ့ရပါတယ်။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာ စာသင်ကျောင်းတွေကို ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်တွေနဲ့အညီ ပြန်လည်ဖွင့်လှစ်ပေးနိုင်ဖို့ လိုပါတယ်။ လက်ဦးဆရာက မိဘတွေဖြစ်ပြီး အိမ်မှာနေစဉ်ကတည်းက ကလေးတွေကို ကိုဗစ် – ၁၉ ကာကွယ်ရေး စည်းကမ်းတွေနဲ့အညီ နေထိုင်တတ်အောင် အနီးကပ် သင်ကြားပေးရမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါက ကြောက်လန့်ပြီး အားငယ်ထိတ်လန့်နေရမယ့်ရောဂါ မဟုတ်ဘူး။ ဘယ်လိုကြိုတင်ကာကွယ်ရမယ်ဆိုတဲ့ ကာကွယ်ရေးနည်းလမ်းတွေကို ကလေးတွေကို သင်ကြားပေးရမှာဖြစ်ပါတယ်။ ပါးစပ်၊ နှာခေါင်းစည်း (Mask) ကို ဘယ်လိုတပ်ရမယ်၊ လက်ဆေးတဲ့အခါမှာလည်း ဖဝါး ၊ ဖမိုး ၊ လက်ခေါက်ချိုး၊ လက်ကြား၊ လက်မ မကျန်စေရ စသဖြင့် ကဗျာလေးတွေကို ရွတ်ဆိုပြီး မှတ်မိအောင် လေ့ကျင့်သင်ကြားပေးရမှာ ဖြစ်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် နီးနီးကပ်ကပ် မကစားဖို့၊ ခဲဖျက်၊ ခဲတံစတာတွေကို အခြားသူတွေနဲ့ မျှဝေ မသုံးစွဲဖို့၊ လက်မဆေးဘဲ နှာခေါင်း၊ပါးစပ်ကို မကိုင်မိဖို့ ဒါတွေကို အခုကတည်းက လေ့ကျင့်သင်ကြားထားဖို့ လိုပါတယ်။

ကလေးတွေကိုကြိုပို့တဲ့ မိဘအုပ်ထိန်းသူတွေအနေနဲ့ ကျောင်းမှာ စာရင်းပေးထားတဲ့သူ တစ်ဦးတစ်ယောက်ကပဲ ကြိုပို့တာလုပ်သင့်ပြီး အသက်အရွယ်ကြီးရင့်သူ၊ သွေးတိုး၊ နှလုံး၊ ဆီးချို စတဲ့ ရောဂါအခံရှိသူတွေက ကျောင်းပို့ကျောင်းကြိုတာတွေ မလုပ်ဆောင်သင့်ပါဘူး။ ကလေးတွေကို လိုက်ပို့တဲ့သူတွေက ကျောင်းထဲကို မဝင်သင့်ပါဘူး။ အခြားကျောင်းသားရဲ့ မိဘတွေနဲ့ ထိတွေ့မှု မဖြစ်အောင်၊ ကျောင်းရှေ့မှာ လူစုလူဝေးမဖြစ်အောင် ကျောင်းပို့ပြီးရင် ချက်ချင်းပြန်ရပါမယ်။ ကလေးတွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာ စနစ်တကျ တန်းစီပြီးမှ ဝင်သင့်ပါတယ်။

### ပတ်ဝန်းကျင်ကောင်းတွေကို ဝိုင်းဝန်းဖန်တီး

မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကာကွယ်ရေးအစီအမံတွေ ဆောင်ရွက်နေပါတယ်။ မိဘအုပ်ထိန်းသူတွေအနေနဲ့ ကလေးတွေကို အိမ်မှာ ကာကွယ်ရေးနည်းလမ်းတွေကို သင်ပေးလိုက်ရုံတင်မကဘူး၊ ဆရာ ဆရာမတွေနဲ့ ပူးပေါင်းပြီး ကိုဗစ်– ၁၉ ရောဂါကာကွယ်နိုင်မယ့် ပတ်ဝန်းကျင်ကောင်းတွေကို ဝိုင်းဝန်းဖန်တီးပေးဖို့ လိုပါတယ်။

ဆရာ ဆရာမတွေအနေနဲ့လည်း ရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကျောင်းသားတွေ ပိုမိုသိရှိလိုက်နာနိုင်ဖို့ ကျောင်းသင်ခန်းစာတွေမှာ ကိုဗစ် – ၁၉ ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ ကဗျာတွေ၊ စာစီစာကုံးရေးတာတွေ၊ Peer Education လို ကျောင်းသားတစ်ဦးက ထွက်ပြီး အလှည့်ကျကာကွယ်ရေးနည်းလမ်းတွေကို ပြောပြစေတာတွေ ဆောင်ရွက်သင့်ပါတယ်။ မိဘ၊ ဆရာပူးပေါင်းပြီး ကလေးတွေမှာ Mask ရှိရဲ့လား၊ လက်ဆေးတဲ့နေရာ လုံလောက်ရဲ့လား၊ လေဝင်လေထွက်ကောင်းရဲ့လား စသဖြင့် လိုအပ်ချက်တွေကို ပူးပေါင်းဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်လို့လည်း ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ချိန်မှာ လိုက်နာဆောင်ရွက်သင့်တဲ့ အချက်တွေကို ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ ပြောကြားထားတာကို ပြန်လည် လက်ဆင့်ကမ်းဝေမျှလိုပါတယ်။

ဒီလို ကိုဗစ် –၁၉ ကပ်ရောဂါကာကွယ်ရေး စည်းကမ်းတွေကို လိုက်နာရင်း တစ်ဖက်ကလည်း ကလေးတွေရဲ့ အသိပညာ၊ အတတ်ပညာ၊ တတ်ကျွမ်းမှု၊ နားလည်မှုတို့ကို တဖြည်းဖြည်း စနစ်ကျကျနဲ့ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ သို့မှသာ ကိုဗစ်အလွန်ကာလ ပြန်လည်တည်ဆောက်ကြရမယ့် အနာဂတ်နိုင်ငံအတွက် ပညာ ဗဟုသုတနဲ့ ပြည့်ဝ၊ နှလုံးသားလှတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အဖြစ် ပါဝင်နိုင်စေဖို့ ဝိုင်းဝန်းပျိုးထောင်ကြပါစို့လို့ တိုက်တွန်းလိုက်ချင်ပါတယ်။ ။

# နေပြည်တော်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လတာအတွင်းဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အပ်နှံတာဝန်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ (အောက်တိုဘာလမှ မတ်လ) စီမံကိန်းရည်မှန်းချက်များနှင့် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပ်နှံတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒေသဖွံ့ဖြိုးရေးတွင် အခြေခံကျသော လမ်း၊ တံတား၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ဒေသန္တရ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပညာသင်ကြားရေးပိုင်းဆိုင်ရာ အဆောက်အဦများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ (၆)လ စီမံကိန်းဖြစ်သော်လည်း လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရန်ပုံငွေ၊ နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူများ၏ အကျိုးကို ရှေးရှု၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း နေပြည်တော်စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူးက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ စီမံကိန်းရည်မှန်းချက်များ၊ ကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လည်းကောင်း၊ လယ်ယာကဏ္ဍကြီးစီမံကိန်း ရည်မှန်းချက်များကို သက်ဆိုင်ရာ ဌာနများကိုယ်စား နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနသို့ လည်းကောင်း အပ်နှံတာဝန်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က စက်မှုကဏ္ဍကြီး စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများကိုယ်စား နေပြည်တော် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေး ဦးစီးဌာနသို့လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် လမ်းဦးစီးဌာနသို့လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် ကျေးလက်လမ်းဦးစီးဌာနသို့ လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဝန်ဆောင်မှု ကဏ္ဍကြီး စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများကိုယ်စား နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနသို့လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး) သို့လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ လည်းကောင်း၊ စီမံကိန်းရည်မှန်းချက်များကို ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့သို့လည်းကောင်း၊ စီမံကိန်းရည်မှန်းချက်များကို ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့သို့လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ရဲမှူးကြီး ကိုကိုလွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့(၄)ဖွဲ့သို့ လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်က ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒက္ခိဏခရိုင်အတွင်းရှိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(၄)ဖွဲ့သို့ လည်းကောင်း အပ်နှံတာဝန်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များအတွက် မထားမနေရ သူတစ်ပါးထိခိုက်မှုအာမခံထားရှိရေး အာမခံလက်ခံခြင်းနှင့် လျော်ကြေးပေးချေခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာရေးထိုး

နေပြည်တော် အောက်တိုဘာ ၁၁

**အာဆီယံနိုင်ငံအချင်းချင်း နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်များအတွက် မထားမနေရ သူတစ်ပါးထိခိုက်မှုအာမခံ လက်ခံခြင်းနှင့် လျော်ကြေးပေးချေခြင်းများကို ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရန်အတွက် ASEAN Compulsory Motor Insurance (ACMI) စနစ်အား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး အသုံးပြုသွားနိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အာမခံအဖွဲ့အစည်းများအကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)




လက်မှတ်ရေးထိုးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးတို့ ပါဝင်တက်ရောက်သည်။

အခမ်းအနားတွင် ASEAN Secretariat ၊ Finance Integration Division မှ Mr. Herminio Jr. Cortez Runas က အဖွင့်အမှာစကားပြောကြားပြီး ASEAN Insurance Council (AIC) မှ Secretary-General ဖြစ်သူ Mr. Christian W. Wanandi ၊ ASEAN Council of Bureaux (COB) ၏ Chairman ဖြစ်သူ Mr. Michael F. Rellosa နှင့် Office of Insurance Commission of Thailand မှ Secretary General ဖြစ်သူ Dr. Suthiphon Thaveechaiyagarn တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်များမှ အာမခံပရီမီယံကြေးများ ရရှိသကဲ့သို့ ထိုမော်တော်ယာဉ်များ မတော်တဆ ထိခိုက်မှုများကြောင့် သေဆုံးသူ၊ ဒဏ်ရာရရှိသူများအတွက် သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးအား ပေးချေနိုင်ခြင်း၊ အာဆီယံနိုင်ငံများအကြား စီးပွားရေးပေါင်းစပ်မှုများနှင့်အညီ ကုန်စည်စီးဆင်းမှုများ တိုးတက်လာစေခြင်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် အထောက်အကူပြုပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပြီး အာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက်ကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ကျော့ဖုံးမှ*

အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိ အဖွဲ့အစည်းများထံသို့ စက်လှေ ၁၂ စင်းဖြင့် လာရောက် လွှဲပြောင်းအပ်နှံကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်းပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက စစ်ဆေးလက်ခံခဲ့ပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်များတွင်နေထိုင်သူများကို မော်တော်ယာဉ်များဖြင့် နေရပ်သို့ ချက်ချင်း ပို့ဆောင်ပေးကာ မိမိတို့၏နေရပ်များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ရေး အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူကြရမည်ဖြစ်သည်။ ကော့သောင်းခရိုင်အတွင်း နေထိုင်သူများကိုမူ ကော့သောင်းမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစင်တာသုံးခုတွင် ၁၄ ရက် အသွားအလာ ကန့်သတ်ထားရှိ စောင့်ကြည့်ပြီး ကိုဗစ်-၁၉ရောဂါပိုးစစ်ဆေး တွေ့ရှိခြင်းမရှိမှသာ ၎င်းတို့နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီခြောက်ခုမှ Vitamin K2 D3 Capsules ၅၀၀၁၊ U4 tablet ၅၁၅၂ ခု၊ Vitamin C 500MG ၁၀၁၁၆ ခု၊Zamatib Tablet ၁၃၁၃၅ ခု၊ Vita DHA(Multivitamin & Omega 3)Tablet ၁၀၈၀၃ ခု၊ Azinam 500 Tablet ၉၈၉၂ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ နှာခေါင်းစည်း ၈၉၈၀၀၀ ၊ Regulator ၁၀၀၀၊ ဆေးဝါးမျိုးစုံ ၂၅ မျိုး (၁၁၄၆၁၁.၃၈)Kg၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီသုံးခုတို့မှ Chlor - phenamine Maleate Injection ၈၈၇၅ Kg ၊ Syringe ၄၇၆၉၂ ခု၊ Infusion ၂၀၀၀ ၊ Vitamin $B_6$ Injection ၂၈၉၈ Kg ၊ Glucose Injection ၈၆၆၄၉ Kg ၊ နှာခေါင်းစည်း ၄၈၅၈၀ Kg၊ Liquid Oxygen ၁၅၃၃၁ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁၀-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၀-၁၁ ပါ “ဝန်ထမ်းကောင်းလေ၊ တိုင်းပြည်ကောင်းလေ” ဆောင်းပါး၏ နောက်ဆက်တွဲ(က)အမှတ်စဉ်(၂)၌ ဖော်ပြထားသည့် ဘုရင်ဘွဲ့အမည်တွင် စစ်ကိုင်းမင်း၊ နောင်တော်ကြီး၊ သီရိပဝရဓမ္မရာဇာ(အစား) ဒီပဲယင်းမင်း၊ နောင်တော်ကြီး၊ သီရိပဝရ ဓမ္မရာဇာဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာတည်းအဖွဲ့**

# ပိတ်ဆို့ကန့်သတ်မှုကာလပြီးဆုံးပြီးနောက် ဆစ်ဒနီတွင် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်

**ဆစ်ဒနီ အောက်တိုဘာ ၁၁**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ဒေသခံများမှာ သုံးလခွဲကြာ ပြင်းထန်သည့် ကန့်သတ်ချက်များအောက် နေထိုင်ခဲ့ရပြီးနောက် စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးပြီဖြစ်သည်။ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုများကြောင့် ဇွန်လနှောင်းပိုင်းမှစတင်ကာ မလိုအပ်ဘဲ အပြင်ထွက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများကို ဆစ်ဒနီတွင် ကန့်သတ်ထားခဲ့သည်။

အောက်တိုဘာ ၁၁ ရက်တွင် အာဏာပိုင်များက ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်။ ကာကွယ်ဆေးထိုးပေးနိုင်သည့်နှုန်းမှာ နယူးဆောက်ဝေးလ်ပြည်နယ်တွင် ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ယခုလိုဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ ဆစ်ဒနီမြို့မြောက်ပိုင်းရှိ ကော်ဖီဆိုင်တစ်ဆိုင်မှာ ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ပြီး ကာကွယ်ဆေးထိုးပြီးကြောင်းလက်မှတ်များကို ပြသကာ ဒေသခံများသည် ပျော်ရွှင်စွာ လာရောက်စားသောက်နေကြသည်ကို တွေ့ရသည်။ လာရောက်စားသောက်သည့် အမျိုးသမီးတစ်ဦးက ၎င်းအနေဖြင့် စည်းကမ်းများကို လိုက်နာသွားမည်ဖြစ်ကြောင်းနှင့် လူမှုဝေးကွာ အစီအစဉ်များနှင့် ပါးစပ်၊ နှာခေါင်းစည်း ဝတ်ဆင်ခြင်းများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဟု ပြောသည်။ အကယ်၍ လူပေါင်းများစွာ ကာကွယ်ဆေးထိုးပြီးပါက နောက်ထပ်အသွားအလာပိတ်ဆို့ကန့်သတ်ခံရမှုနှင့် မကြုံတွေ့နိုင်တော့ဟု ကော်ဖီဆိုင်ပိုင်ရှင်ကပြောသည်။

ယနေ့မှာ လူပေါင်းများစွာ မျှော်လင့်နေသည့်နေ့ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်က ပြောသည်။ ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်ကို ပြည်သူများ လိုက်နာကြရန် တိုက်တွန်းခဲ့ပြီး ကာကွယ်ဆေးထိုးခြင်းဖြင့် အသွားအလာပိတ်ဆို့ကန့်သတ်ခံရမှုမှ ကင်းလွတ်မည်ဟုလည်း ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**




ဆစ်ဒနီမြို့တွင် ကာကွယ်ဆေးထိုးပြီးသူများအတွက် ဖြေလျှော့ပေးလိုက်ပြီးနောက် ဆိုင်ထိုင်စားသောက်နေကြသူများကို တွေ့ရစဉ်။

# ရှန်းစီပြည်နယ် ရေကြီးမှုကြောင့်လူပေါင်း ၁၂၀၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်ပေးခဲ့ရ

**ထိုင်ယွမ် အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ ရှန်းစီပြည်နယ်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ပြီး လူပေါင်း ၁၂၀၀၀၀ ကျော်ကို ယာယီဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု အာဏာပိုင်များက အောက်တိုဘာ ၁၀ ရက်တွင် ပြောသည်။

အောက်တိုဘာ ၂ ရက်မှ အောက်တိုဘာ ၇ ရက် ဝန်းကျင်အထိ ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့သည်ဟု ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။ ရေကြီးမှုကြောင့် မြို့နှင့် ခရိုင် ၇၆ ခုမှ ဒေသခံ ၁ ဒသမ ၇၆ သန်း၏ဘဝများကို ထိခိုက်ခဲ့ရသည်ဟု ပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေးဌာနက ပြောသည်။

ရေကြီးမှုကြောင့် သီးနှံစိုက်ခင်း ၁၉၀၀၀၀ ဟက်တာ ပျက်စီးခဲ့ရပြီး နေအိမ်ပေါင်း ၁၇၀၀၀ ပျက်စီးခဲ့ရသည်ဟု အဆိုပါဌာနက ပြောသည်။ ယာယီတဲပေါင်း ၄၀၀၀ နှင့် ခေါက်ခုတင် ၃၂၀၀၊ အဝတ်အထည်များနှင့် သဘာဝဘေးဒဏ်ကာကွယ်ရေးပစ္စည်းများကို ခွဲဝေပေးခဲ့သည်ဟုလည်း အရေးပေါ်စီမံခန့်ခွဲရေးဌာနကပြောသည်။

အစိုးရကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ကို ရေဘေးဒဏ်ခံဒေသသို့ စေလွှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ




မြစ်ဝါမြစ် ရေကြီးမှုကြောင့် ရေလွှမ်းမိုးမှုကို တွေ့ရစဉ်။

# အားနည်းသည့်နိုင်ငံများကို ကိုဗစ် -၁၉ ကာကွယ်ဆေး ပိုမိုလှူဒါန်းသွားရန် ဩစတြေးလျတိုက်တွန်း

**ကင်ဘာရာ အောက်တိုဘာ ၁၁**

ဩစတြေးလျနိုင်ငံမှအုပ်စု ၁၁ အုပ်စုမှာ အခြားသောနိုင်ငံများကို ကိုဗစ်-၁၉ ကာကွယ်ဆေးသန်းနှင့်ချီ၍ လှူဒါန်းမှုပြုလုပ်ရန်အတွက် ဩစတြေးလျအစိုးရကို တိုက်တွန်းမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။

အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ ဩစတြေးလျနိုင်ငံကို ဒေသတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေးထုတ်လုပ်သည့်နေရာ ဖြစ်လာစေရန် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအုပ်စု ၁၁ စုက တောင်းဆိုခဲ့ကြသည်။ ဩစတြေးလျအစိုးရအနေဖြင့် ကာကွယ်ဆေးနောက်ထပ်သန်း ၂၀ ကို ကိုဗက် အစီအစဉ်မှတစ်ဆင့် လှူဒါန်းသင့်သည်ဟု ပြောကြားခဲ့ကြသည်။

ဝင်ငွေနည်းပါးသည့်နိုင်ငံ ၁၉ နိုင်ငံမှာ ယခုနှုန်းထားအတိုင်းသာကာကွယ်ဆေးထိုးသွားပါက ၂၀၃၀ မတိုင်မီအထိ နိုင်ငံရှိ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးအပြည့်ထိုးပေးရန် မလွယ်ကူဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုကြည့်လျှင် ကမ္ဘာကြီး၏ ကျန်အစိတ်အပိုင်းတွင် ကပ်ရောဂါ၏ သက်ရောက်မှုများ ဖြစ်ပွားနေမည်ကို ဩစတြေးလျနိုင်ငံအနေဖြင့် မျက်စိပိတ်၍ထားရန်မဖြစ်နိုင်ဟု ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## လိုအပ်ပါက အမေရိကန်နှင့် ဆွေးနွေးမှု ဆက်လက်ပြုလုပ်သွားမည်ဟု တာလီဘန်ပြော

**ကဘူးလ် အောက်တိုဘာ ၁၁**

လိုအပ်ပါက အမေရိကန်နှင့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တို ဘာ ၁၁ ရက်တွင် ပြောသည်။ သီတင်းပတ်အကုန်က တာလီဘန် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ခေတ္တနိုင်ငံခြားရေးဝန်ကြီး အာမီယာခန် မတ်တာကီ သည် အမေရိကန် ကိုယ်စားလှယ်နှင့် ကာတာနိုင်ငံ ဒိုဟာမြို့တွင် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံပြီးနောက် နှစ်ရက်ကြာဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲအတွင်း နိုင်ငံရေးပြဿနာများကို ဆွေးနွေးခဲ့ကြပြီး ဒိုဟာသဘောတူညီမှုကို အပြည့်အဝအကောင်အထည်ဖော်ရန်မှာ ပြဿနာများကို အကောင်းဆုံးဖြေရှင်းနည်းဟု အာဖဂန်နစ္စတန်ဘက်မှ ယူဆကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံဘက်ကလည်း အာဖဂန်နစ္စတန်သို့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးသွားမည့်အပြင် လူသားချင်းစာနာထောက်ထားမှုနှင့် ပတ်သက်သည့် အခြားသောအဖွဲ့အစည်းများကိုလည်း အကူအညီများ ပေးအပ်သွားမည်ဟု အမေရိကန်ကိုယ်စားလှယ်က ပြောကြားခဲ့ကြောင်း ကြေညာချက်တွင် ပါဝင်သည်။ **ဆင်ဟွာ**

# ကိုဗစ် - ၁၉ ကာကွယ်ဆေး နှစ်သန်းကျော် ကိုဗက်အစီအစဉ်မှတစ်ဆင့် ဗင်နီဇွဲလားလက်ခံရရှိ

**ကရာကက်စ် အောက်တိုဘာ ၁၁**

ဗင်နီဇွဲလားနိုင်ငံသည် အောက်တိုဘာ ၁၀ ရက်တွင် ကိုဗက်အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ နှစ်သန်းကျော်ကို လက်ခံရရှိခဲ့သည်ဟု သိရသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း လူဦးရေ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေး ရည်မှန်းချက်အတွက် နောက်ထပ်ခြေလှမ်းတစ်ခုလည်းဖြစ်သည်။ ကရာကက်စ်မြို့ အပြင်ဘက် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကာကွယ်ဆေးအလုံးရေ ၂၅၉၄၀၀၀ ကို ဗင်နီဇွဲလား ကျန်းမာရေးဝန်ကြီး ကာလို့စ် အယ်လ်ဘရာဒို က လက်ခံရရှိခဲ့သည်။

ယခုအကြိမ် ကာကွယ်ဆေးများရောက်ရှိမှုမှာ ဒုတိယအကြိမ် ရောက်ရှိလာခြင်းဖြစ်ပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ပန်အမေရိက ကျန်းမာရေးအဖွဲ့အစည်းမှ အရာရှိများနှင့်အတူ ကာကွယ်ဆေးများကို လက်ခံရရှိခဲ့သည်။

ယခုတစ်ကြိမ် ကာကွယ်ဆေးများ ပေးပို့ခြင်းဖြင့် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ် မာဒူရို ချမှတ်ထားသည့်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းချက်ကို ပြည့်မီလာစေနိုင်သည်ဟုလည်း ခန့်မှန်းထားသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၈၂၂၆၆ ဦးရှိပြီး သေဆုံးသူ ၄၆၀၆ဦးရှိသည်ဟု သိရသည်။ **ဆင်ဟွာ**



ဗင်နီဇွဲလားနိုင်ငံကရာကက်စ်မြို့တွင် ဇူလိုင် ၂၁ ရက်ကကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# အင်ဒိုနီးရှား၌ နိုင်ငံတကာခရီးသည်များအတွက် ကန့်သတ်စောင့်ကြည့်ကာလကို လျှော့ချ

**ဂျကာတာ အောက်တိုဘာ ၁၁**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံတကာခရီးသည်များအတွက် ကန့်သတ်စောင့်ကြည့်ကာလကို ရောဂါအစပျိုးပြောင်းလဲမှုအဆင့်အရ ရှစ်ရက်မှ ငါးရက်အထိ လျှော့ချလိုက်ကြောင်း ပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာ ညှိနှိုင်းရေးဝန်ကြီး လူဟတ်ဘင်ဆာပန်ဂျိုင်တန်က ပြောသည်။

လေးရက်မြောက်နေ့တွင် ပီစီအာရ် အဖြေသည် ကိုရိုနာဗိုင်းရပ်စ်မရှိကြောင်း ပြသခဲ့မည်ဆိုပါက ငါးရက်မြောက်နေ့တွင် ကန့်သတ်စောင့်ကြည့်မှုကို ရုပ်သိမ်းဖယ်ရှားပေးမည်ဖြစ်ကြောင်း ပန်ဂျိုင်တန်က ဗာကျူရယ်နည်းပညာသုံး သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားသည့် ခရီးသည်များနှင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ငါးရာခိုင်နှုန်းထက် လျော့နည်းကျဆင်းသည့် နိုင်ငံများမှ ခရီးသည်များအတွက် ဘာလီသို့ပျံသန်းသည့် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။



အင်ဒိုနီးရှားလေဆိပ်တစ်ခုတွင် ခရီးသည်များသွားလာနေသည်ကို တွေ့ရစဉ်။

အစိုးရ၏သတင်းထုတ်ပြန်ချက်အရ ခရီးသည်များသည် ခရီးထွက်ခွာခြင်းမပြုမီ ကိုဗစ်-၁၉ ကင်းစင်ကြောင်း စမ်းသပ်စစ်ဆေးမှုကို သုံးရက်အတွင်းပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျန်းမာရေးအာမခံအတွက် အမေရိကန်ဒေါ်လာ အနည်းဆုံး ၁၀၀၀၀၀ ရှိရမည်ဖြစ်သကဲ့သို့ အင်ဒိုနီးရှား၌ရှိနေစဉ် နေထိုင်မှုအတွက် ကြိုတင်စာရင်းသွင်းထားသည့် အထောက်အထားလည်း ရှိရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကျွန်းစုနိုင်ငံအတွင်း၌ ရှိနေသည့် ခရီးသည်များ၏အခြေအနေကို ခြေရာခံ အက်ပလီကေးရှင်းများနှင့် စောင့်ကြည့်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အစိုးရကိုကူညီဒီဇိုင်းရေးဆွဲထားသည့် PeduliLindungi အက်ပလီကေးရှင်းဖြင့်လည်း စမ်းသပ်စစ်ဆေးမည်ဖြစ်သည်။

ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၉၁၆၇ ဦးအထိ ရှိလာ

**ဘန်ဒါဆီရီဘီဂါဝန် အောက်တိုဘာ ၁၁**

ဘရူနိုင်းနိုင်ငံ၌ အောက်တိုဘာ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၇ ဦး တိုးလာသောကြောင့် စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၉၁၆၇ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်သူ အားလုံးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါခြေချုပ်စင်တာတွင် ကြီးကြပ်ကုသမှုခံယူနေသော လက်ရှိကိုဗစ်-၁၉ ကူးစက်သူ ၂၂၂၃ ဦးရှိသည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၆၈၈၀ ရှိသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၆၄ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း အနည်းဆုံးဖြစ်

**နယူးဒေလီ အောက်တိုဘာ ၁၁**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၁၃၂ ဦး ရှိလာသောကြောင့် အောက်တိုဘာ ၁၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၃၉၇၁၆၀၇ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် လွန်ခဲ့သည့် ၂၁၅ ရက်အတွင်း အနည်းဆုံးဖြစ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အိန္ဒိယနိုင်ငံတွင် အမျိုးသမီးတစ်ဦးအား ဆေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ၁၉၃ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၅၀၇၈၂ဦးအထိ ရှိလာခဲ့သည်။

သေဆုံးသူများအနက် ၈၅ ဦးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာ ပြည်နယ်မှဖြစ်ပြီး အဆိုပါပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သေဆုံးမှုအများဆုံးဖြစ်သည်။ အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် မဟာရက်ရှ်တရာပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၉ ဦး ရှိခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၂၂၇၃၄၇ ဦးအထိ ရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၃၆၂၄ ဦးအထိ လျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၂၉၃၄၇၈ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၂၁၅၆၃ ဦးရှိသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၅၄ သန်းကျော် ရှိလာပြီဖြစ်

**ဟနွိုင်း အောက်တိုဘာ ၁၁**

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၃၆၁၉ ဦးရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်သူ နှစ်ဦးနှင့် ပြည်တွင်းကူးစက်သူ ၃၆၁၇ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်မှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၄၃၂၈၁ ဦးအထိ ရှိလာပြီး ၂၀၆၇၀ သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၁၅၂၇ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၄၆ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၄၉၉ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၇၈၄၇၄၈ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၅၄ သန်းကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

# မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကျဆင်း

**မနီလာ အောက်တိုဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၈၂၉၂ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၂၆၇၄၈၁၄ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။



ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေကြသည်ကို တွေ့ရစဉ်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၃၆ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၃၉၆၆၀ အထိ ရှိလာခဲ့သည်။

ဩဂုတ် ၅ ရက်မှစသော် အောက်တိုဘာ ၁၁ ရက်သည် ကိုဗစ်-၁၉ ကူးစက်မှု အနည်းဆုံးဖြစ်ခဲ့သည်။

စီးပွားရေးမြို့တော် မနီလာတွင် ကိုဗစ်-၁၉ အခြေအနေ တိုးတက်လာခဲ့ကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန်နှင့် ပြည်သူများ အလုပ်ပိုမိုသွားနိုင်ရန် ကန့်သတ်ချက်များကို တတ်နိုင်သလောက် ဖြေလျှော့ပေးလျက်ရှိကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ ဟာရီရော့ခ်က ပြောခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်းသည် တဖြည်းဖြည်း အကျဘက်သို့ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲဖြစ်သူ မာရီယာရိုဆာရီယိုဗာဂျရီက ပြောသည်။ ထို့အတူ ဆေးရုံတက်ရောက်ကုသသူဦးရေလည်း ကျဆင်းလာကြောင်း ၎င်းက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း သန်း ၂၀ ကျော် ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဆည်ရေသောက်ဧရိယာအတွင်းရှိ စိုက်ကွင်းများတွင် တောင်သူအတွက် ဝင်ငွေရ တွက်ခြေကိုက်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သီးနှံပုံစံများ ချမှတ်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

ဆည်ရေသောက် ဧရိယာအတွင်းရှိ စိုက်ကွင်းများတွင် ဒေသရေမြေ ရာသီဥတုနှင့် လိုက်လျောညီထွေပြီး တောင်သူအတွက် ဝင်ငွေရ တွက်ခြေကိုက်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သီးနှံပုံစံများ ချမှတ်ပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက်က ရေသိုးရေလှောင်တမံ၏ ဝင်ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် (ဓါတ်ပုံ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး က ပြောကြားသည်။



### စိုက်ပျိုးရေပေးနိုင်ရေး

ဆက်လက်၍ ဒုတိယဝန်ကြီးအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက နှစ်အလိုက် ဆည်ရေဝင်ရောက်မှု၊ ရေသိုလှောင်နိုင်မှုနှင့် စိုက်ပျိုးရေ ပေးဝေနေမှု၊ ပင်မတမံ ရေထုတ်ပြွန်နှင့် ရေပို့လွှဲ အဆောက်အအုံများ၏ ကြံ့ခိုင်မှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုကို လည်းကောင်း၊ ဘူမိ ရူပ စူးစမ်းလေ့လာတိုင်းတာခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးရာသီကာလ ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ရေဝင်ရေထွက်နှင့် တမံလုံခြုံရေးဆိုင်ရာ မှတ်တမ်းများ စနစ်တကျထားရှိ ဆောင်ရွက်ရေး၊ မိုးစပါးအောင်ရေနှင့် နွေသီးနှံအတွက် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

### လယ်မြေနှင့် အခြားသီးနှံအတွက် ရေပေးဝေ

ရေသိုးရေလှောင်တမံသည် တမံအလျား ပေ ၇၅၀၊ တမံအမြင့် ပေ ၆၀ ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်သည့် ရေသိုးရေလှောင်တမံ၌ လက်ရှိအချိန်တွင် ကန်ရေပြည့် သိုလှောင်ထားနိုင်လျက်ရှိပြီး ရေထုတ်ပြွန်နှင့် ရေပို့လွှဲမှာ သံကွန်ကရစ် အမျိုးအစားဖြစ်ကာ လယ်မြေဧရိယာ ဧက ၂၀၀၀ နှင့် အခြားသီးနှံစိုက် ဧရိယာ ဧက ၃၀၀၀ တို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပြင် ဒေသနေပြည်သူများ၏ တစ်နှစ်တာ သောက်သုံးရေ လိုအပ်ချက်နှင့် ဘောဓိကုန်း (အုတ်တွင်း) သကြားစက်ရုံ လည်ပတ်ရာတွင် လိုအပ်သော စက်ရုံသုံးရေ၊ လုပ်သားသုံးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

✳ *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ခံစစ်ကစားသမား ဗာရာနီ ဒဏ်ရာရရှိခဲ့၍ အူပါမီကာနိုင်နှင့် လူစားလဲခဲ့ရသည်။ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများ ရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ဂိုးမရှိ သရေဖြင့် အဆုံးသတ်ခဲ့သည်။

ပွဲချိန် ၆၃ မိနစ်တွင် ပြင်သစ်အသင်းမှ ဟာနန်ဒက်ဇ် အပိုင်ပိတ်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးဘားတန်းထိကာ လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ပွဲချိန် ၆၄ မိနစ်တွင် စပိန်အသင်း ဦးဆောင်ဂိုး ရရှိခဲ့ပြီး ဘက်စ်ကွက်၏ ဖန်တီးမှုမှတစ်ဆင့် အိုယာဇာဘယ်က သွင်းယူပေးခဲ့သည်။

ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရပြီး နှစ်မိနစ်အကြာတွင် ပြင်သစ်အသင်း ချေပဂိုးရရှိခဲ့ပြီး အမ်ဘတ်ပီ၏ ဖန်တီးမှုမှတစ်ဆင့် ဘင်ဇီမာက သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် စပိန်အသင်း၏ ကစားအားကျလာခဲ့ပြီး ပြင်သစ်အသင်းက ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၈၀ တွင် ပြင်သစ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဟာနန်ဒက်ဇ်၏ ဖန်တီးမှုမှ အမ်ဘတ်ပီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပြင်သစ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နေးရှင်းလိဂ်ပြိုင်ပွဲ၏ တတိယနေရာလုပွဲအဖြစ် အီတလီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ပွဲစဉ်တွင် အီတလီအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာကို ရယူနိုင်ခဲ့သည်။ အီတလီအသင်းအတွက် သွင်းဂိုးများကို ဘာရယ်လာ၊ ဘီရာဒီတို့က သွင်းယူပေးပြီး ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးကို ဒီကီတဲလ်ရီက သွင်းယူပေးနိုင်ခဲ့သည်။

**အောင်ဇော်**

---

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၁**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

၂၀၀၆ ခုနှစ်အတွင်းက ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၂) ခိုင်ရွှေဝါ လမ်းနေ မxxxx၊ (၃၆) နှစ်ကို သူငယ်ချင်းဖြစ်သူ မန်ပျဉ်ကျေးရွာအုပ်စု ခင်ဖုန်းကျေးရွာနေ မအေးနော်ခမ်း (ခ) နန်းနော်ခမ်း က တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက ငွေအမြောက်အမြားရရှိပြီး ကောင်းမွန်စွာနေထိုင်ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားထံ ရောင်းစားခဲ့သဖြင့် လားရှိုးမြို့မ ရဲစခန်း (ပ)၃၆၇/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၁၀ ရက်တွင် တရားခံ မအေးနော်ခမ်း(ခ)နန်းနော်ခမ်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၅ ခုမှ အိမ်သုံးဆေးဝါး ၇၈ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/ ၁၀၈) နေရာ၌လည်း ၄၁ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

---

# စဉ့်ကိုင်မြို့နယ်၌ ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီတွင်မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကုန်းနီကျေးရွာရှိ မိုင်းယီထွန်း (ခ) အားရန် ၏ ကြက်မွေးမြူရေး ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ခြံဝင်းအတွင်းရှိ TIPPER မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ ဆပ်ပြာခွက် ၁၈၁၅ ခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူ ၁၈ ဒသမ ၁၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဆိုင်ကယ် နှစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်သို့ သယ်ဆောင်ခိုင်းသူ မိုင်းယီထွန်း (ခ) အားရန် (၃၉)နှစ်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မောင်မောင်သန်း (၄၃) နှစ်၊ သန်းမြင့်သူ (ခ) ကိုသူ (၃၂) နှစ်၊ မသဇင်စိုး (ခ) သဇင် (၃၄) နှစ်၊ မောင်ရွှေ (၃၀) နှစ်၊ ထွန်းထွန်း (ခ) ပေါက်ပေါက် (၂၄) နှစ်တို့ ခြောက်ဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❖ *ကျောဖုံးမှ*

ကိုဗစ်– ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်– ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၀–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၄၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၉၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၇.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၂၀,၅၆၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၉,၈၄၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၈၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၂,၄၅၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၁၆၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၁–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | ၂၀၁ | ၂၃ |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | ၁၂၆ | ၃၃ |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၅၄၉ | ၁၃ |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၂၅ | ၁ |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | ၆၉ | ၈ |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၁၅ | ၁ |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၁၁၄ | ၄၇ |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | ၉၆၅ | ၉ |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၇၀၅ | ၈၈ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၁၃,၇၀၂ | ၉၇၄ |
| **စုစုပေါင်း** | ၁၆,၄၇၁ | ၁,၁၉၇ |

**လွန်ခဲ့သော(၂၁) ရက်အတွင်း COVID–19 ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၁၉–၉–၂၀၂၁ မှ ၉–၁၀–၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၁၉–၉–၂၀၂၁ မှ ၂၅–၉–၂၀၂၁) (Epi Week–38) | ၁၃၃,၂၈၂ | ၁၁,၇၄၉ | ၈.၈ |
| (၂၆–၉–၂၀၂၁ မှ ၂–၁၀–၂၀၂၁) (Epi Week–39) | ၁၃၆,၈၂၉ | ၁၀,၆၄၉ | ၇.၈ |
| (၃–၁၀–၂၀၂၁ မှ ၉–၁၀–၂၀၂၁) (Epi Week–40) | ၁၂၇,၁၉၈ | ၁၀,၀၆၄ | ၇.၉ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်– ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြု လူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၃၈) တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃၃,၂၈၂) ခုအား စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၁,၇၄၉) ဦး ရှိသဖြင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်း (၈.၈) ရာခိုင်နှုန်း၊ အပတ်စဉ် (၃၉) တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃၆,၈၂၉) ခုအား စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၀,၆၄၉)ဦးရှိသဖြင့် ပျမ်းမျှရောဂါ ပိုးတွေ့ရှိမှုနှုန်း(၇.၈) ရာခိုင်နှုန်းနှင့် အပတ်စဉ် (၄၀) တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂၇,၁၉၈) ခုအား စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၀,၀၆၄) ဦး ရှိသဖြင့် ပျမ်းမျှ ရောဂါပိုးတွေ့ရှိမှုနှုန်း (၇.၉) ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အပတ်စဉ် (၃၉) နှင့် အပတ်စဉ် (၄၀) တို့ကို နှိုင်းယှဉ်ကြည့်ရာ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိရမှုမှာ လျော့နည်းလာခဲ့သော်လည်း ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်း သိသာစွာ ပြောင်းလဲမှုမရှိသဖြင့် ရောဂါကူးစက်မှု ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်– ၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၁- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၂၀၄၃၇၃ | ၃၄၆၆၄၉၆၃ | ၇၃၃၅၇၅ |
| ၂။ | အိန္ဒိယ | ၃၃၉၇၁၆၀၇ | ၃၃၂၉၃၄၇၈ | ၄၅၀၈၁၄ |
| ၃။ | ဘရာဇီး | ၂၁၅၇၅၈၂၀ | ၂၀၆၇၈၈၅၈ | ၆၀၁၀၄၇ |
| ၄။ | ဗြိတိန် | ၈၁၅၄၃၀၆ | ၆၆၅၁၄၆၄ | ၁၃၇၇၃၅ |
| ၅။ | ရုရှား | ၇၈၀၄၇၇၄ | ၆၈၇၃၅၇၉ | ၂၁၇၃၇၂ |
| ၆။ | တူရကီ | ၇၄၄၄၅၅၂ | ၆၈၉၃၄၇၆ | ၆၆၁၈၀ |
| ၇။ | ပြင်သစ် | ၇၀၅၆၅၁၁ | ၆၈၃၉၇၉၆ | ၁၁၇၀၅၂ |
| ၈။ | အီရန် | ၅၇၁၆၃၉၄ | ၅၂၃၄၀၁၀ | ၁၂၂၈၆၈ |
| ၉။ | အာဂျင်တီးနား | ၅၂၆၅၈၅၉ | ၅၁၃၂၄၀၁ | ၁၁၅၄၇၃ |
| ၁၀။ | စပိန် | ၄၉၇၃၆၁၉ | ၄၈၀၀၆၉၃ | ၈၆၇၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၁– ၁၀ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၂၈၅၅၂ | ၄၀၆၃၂၉၅ | ၁၄၂၇၁၆ |
| ဖိလစ်ပိုင် | ၂၆၇၄၈၁၄ | ၂၅၃၆၂၆၀ | ၃၉၆၆၀ |
| မလေးရှား | ၂၃၃၉၅၉၄ | ၂၁၉၅၆၆၉ | ၂၇၃၂၉ |
| ထိုင်း | ၁၇၂၀၉၁၉ | ၁၅၉၂၉၀၃ | ၁၇၇၅၁ |
| ဗီယက်နမ် | ၈၄၃၂၈၁ | ၇၈၄၇၄၈ | ၂၀၆၇၀ |
| မြန်မာ | ၄၇၉၈၄၈ | ၄၃၂၄၅၇ | ၁၈၁၆၂ |
| စင်ကာပူ | ၁၂၆၉၆၆ | ၁၀၀၄၉၇ | ၁၆၂ |
| ကမ္ဘောဒီးယား | ၁၁၅၀၆၈ | ၁၀၈၄၀၃ | ၂၅၂၇ |
| လာအို | ၂၈၈၄၉ | ၂၂၂၆၀ | ၃၀ |
| ဘရူနိုင်း | ၉၁၆၇ | ၆၈၈၀ | ၆၄ |

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် အောက်တိုဘာ ၁၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

## နေပြည်တော်ကောင်စီ

ဇယား(၁၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၂.၂၅၁ | | ၅.၄၁၀ | | | | | | | | | ၄၇.၆၆၁ |
| | ပေါင်း | | ၄၂.၂၅၁ | | ၅.၄၁၀ | | | | | | | | | ၄၇.၆၆၁ |

## နေပြည်တော်ကောင်စီ

ဇယား(၁၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၀၁.၇၃၇ | ၄၀၀.၀၀၀ | | | ၃၄,၁၆၇.၉၅၀ | | | | | ၃၅,၀၆၉.၆၈၇ |
| | ပေါင်း | | ၅၀၁.၇၃၇ | ၄၀၀.၀၀၀ | | | ၃၄,၁၆၇.၉၅၀ | | | | | ၃၅,၀၆၉.၆၈၇ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၅၀၀.၅၅၉ | | ၁၅,၂၃၅.၆၆၀ | | ၆,၀၀၀.၀၀၀ | ၃၆.၉၀၀ | | | | | | ၂၁,၇၇၃.၁၁၉ |
| | ပေါင်း | | ၅၀၀.၅၅၉ | | ၁၅,၂၃၅.၆၆၀ | | ၆,၀၀၀.၀၀၀ | ၃၆.၉၀၀ | | | | | | ၂၁,၇၇၃.၁၁၉ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၁၀,၁၈၁.၆၃၃ | | ၆,၀၀၀.၀၀၀ | ၄,၀၃၄.၇၇၁ | | | | | ၂၀,၂၁၆.၄၀၄ |
| | ပေါင်း | | ၁၀,၁၈၁.၆၃၃ | | ၆,၀၀၀.၀၀၀ | ၄,၀၃၄.၇၇၁ | | | | | ၂၀,၂၁၆.၄၀၄ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၆၅၂,၉၇၈.၄၂၇ | | | | | | | | | ၆၅၂,၉၇၈.၄၂၇ |
| | ပေါင်း | | | | ၆၅၂,၉၇၈.၄၂၇ | | | | | | | | | ၆၅၂,၉၇၈.၄၂၇ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၅၀,၇၄၁.၉၄၆ | | | ၅၁၈.၆၈၀ | | | | | ၄၅၁,၂၆၀.၆၂၆ |
| | ပေါင်း | | ၄၅၀,၇၄၁.၉၄၆ | | | ၅၁၈.၆၈၀ | | | | | ၄၅၁,၂၆၀.၆၂၆ |




# ပလောက်မြို့၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပလောက် အောက်တိုဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပုလောမြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ ပြည်ခြားကျေးရွာအုပ်စု ပြည်ခြားကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြုလုပ်ရာတွင် ပုလောမြို့နယ်လဝကဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၅၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၄ ဦး၊ လဲလှယ်ခြောက်ဦး၊ မိတ္တူ ၁၃ ဦးတို့ကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။



နှင်းမြူလွင် (ပလောက်)


ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

**ဆရာ၊ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းပြန်လည်ဖွင့်လှစ်ပါက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားနိုင်ရေး မိဘ၊ဆရာ ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းအုပ်ကြီး၏ ညွှန်ကြားချက်များဖြင့် သောကြာနေ့တိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၃။ ကျောင်းသားများ ကျောင်းနေပျော်၍ သင်ကြားသင်ယူမှုဖြစ်စဉ်တွင် တက်ကြွစွာပါဝင်ရေး စီမံဆောင်ရွက်ရန်၊

၄။ ကျောင်းဖွင့်ကာလ၌ မိမိအတန်းတွင်း ကျောင်းပျက်ကွက်သော ကျောင်းသား/သူများရှိပါက စိစစ်၍ သင်ကြား၊သင်ယူမှု နောက်ကျခြင်း မရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

၅။ ကျောင်းသားများအား ၂၁ရာစုကျွမ်းကျင်မှုများ ရရှိစေရေး လေ့ကျင့်ပေးရန်၊

၆။ စဉ်ဆက်မပြတ် ဆရာ့အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာအုပ်စာပေများကို အစဉ်ဖတ်ရှု လေ့လာပြီး ဆရာ့အတတ်ပညာ တိုးတက်မြင့်မားရေး ဆောင်ရွက်ရန်၊

၇။ သင်ရိုးညွှန်းတမ်းနှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို ကြိုတင်ဖတ်ရှုလေ့လာ၍ သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်ရန်၊

၈။ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများတီထွင်ဖန်တီး၍ လက်တွေ့အသုံးပြုရန်၊

၉။ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ရန်၊

၁၀။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊

# ပညာရေးဟာ နိုင်ငံရဲ့ အဓိကအခန်းကဏ္ဍဖြစ်လို့ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ကျန်းမာရေးဟာလည်း အထူးအလေးထားရမှာ ဖြစ်ပါတယ်

မြို့နယ်ပညာရေးမှူး ဦးစိုင်းစိန်အောင်

**မိုင်းရယ်မြို့နယ်အတွင်း အသက် ၁၂နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေးအတွက် စီမံဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ မိုင်းရယ်မြို့နယ်ပညာရေးမှူး ဦးစိုင်းစိန်အောင်နှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။**

**မေး ။ ။ မိုင်းရယ်မြို့နယ်အတွင်း အသက်(၁၂) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအားကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးဖို့ ပညာရေးဌာနအနေနဲ့ ဆောင်ရွက်ထားမှုများကို သိပါရစေ။**

ဖြေ ။ ။ ပထမဆုံးကတော့ အလယ်တန်း ကျောင်းသားရှိတဲ့ မူလတန်းလွန် ကျောင်းအဆင့်ကနေ အထက်တန်းကျောင်းအဆင့် အထိ ၁၂နှစ် ပြည့်တဲ့ ကျောင်းသား ကျောင်းသူစာရင်းကို ပြုစုရပါတယ်။ ပြီးတော့ ဆေးထိုးမယ့် စုရပ်နေရာတွေ ဖွဲ့စည်းပါတယ်။ ပြီးတော့ ဆေးထိုးမယ့် လျာထားစီမံချက်တွေ ရေးဆွဲတင်ပြထားပါတယ်။ ယခုအခါမှာတော့ ကလေးငယ်တွေကို ကာကွယ်ဆေးထိုးနှံဖို့ အသင့်အနေအထားရောက်ရှိနေပါပြီ။



မြို့နယ်ပညာရေးမှူး ဦးစိုင်းစိန်အောင်

**မေး ။ ။ မိုင်းရယ်မြို့နယ်အတွင်း အခြေခံပညာကျောင်းအရေအတွက်နဲ့ ကျောင်းသားဦးရေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ မိုင်းရယ်မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှာ အထက်တန်း၊ အလယ်တန်း၊ မူလွန်၊ မူလတန်းကျောင်းပေါင်း ၁၀၁ ကျောင်းရှိပါတယ်၊ ကျောင်းသားအင်အားကတော့ ၅၀၈၀ ရှိပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှာ ကျောင်းအပ်နှံထားတဲ့ ကျောင်းသား ၈၅၇ဦးရှိပါတယ်။ ၁၂နှစ်နှင့်အထက် ကာကွယ်ဆေးထိုးရန် ကလေးငယ် ၆၅၂ဦးရှိပါတယ်။

**မေး ။ ။ မိုင်းရယ်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံမယ့် စုရပ်တွေကိုလည်း သိပါရစေရှင့်။**

ဖြေ ။ ။ မိုင်းရယ်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံမယ့်စုရပ်တွေကို ကျွန်တော်တို့ အခြေခံပညာကျောင်းတွေမှာ လုပ်ထားပြီး စုရပ်အဖြစ် အထက (မိုင်းရယ်)၊ အလက(မိုင်းရယ်)၊ အလကခွဲ(မန်ပုံ)၊ အလကခွဲ(မန်ဖစ်)၊ အထကခွဲ(မန်စန့်)၊ မူလွန် (မန်ကျောင်းပန်ရှင်)၊ မူလွန်(ဟိုတိ)၊ အလက(စလန်းပုန်းထွန်)၊ အလကခွဲ(လွယ်ငင်း)၊ မူလွန် (လုတ်တောင်း)၊ အထကခွဲ(ဟိုယ)၊ အလက(မိုင်းဟ)ဆိုပြီး ၁၂ နေရာ စီစဉ်ထားပါတယ်။

**မေး ။ ။ မိုင်းရယ်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူတွေ ကာကွယ်ဆေးထိုးနှံရာမှာ အရေးပေါ်အခြေအနေဖြစ်လာပါက ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲရှင့်။**

ဖြေ ။ ။ ကျန်းမာရေးဌာနနဲ့အနီးစပ်ဆုံး နေရာမှာ စုရပ်တွေလုပ်ထားတော့အရေးပေါ်အခြေအနေဖြစ်လာရင် နီးစပ်ရာ ကျန်းမာရေးဌာနကို ပို့ပေးမှာပါ။ ဒီထက်ပိုပြီး လိုအပ်လာရင် ဒေသအာဏာပိုင်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပရဟိတအသင်းတွေ၊ မိဘဆရာအသင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဆရာကြီးအနေနဲ့ ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံခြင်းနဲ့ပတ်သက်ပြီး ဖြည့်စွက်အကြံပြုစကားလေးလည်းပြောကြားပေးပါဦးရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ မိုင်းရယ်မြို့နယ်အနေနဲ့ ကျောင်းတွေကို စုရပ်အနေနဲ့ ခွဲခြားပြီး စုစည်းထားသော်လည်း တကယ့်မြေပြင်မှာတော့ တစ်နေရာနဲ့တစ်နေရာ အတော်လေးအလှမ်းဝေးပါတယ်။ စုရပ်နေရာအရောက်သွားဖို့လည်း အခက်အခဲတွေရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေလည်း ခရီးပန်းကြမှာပါ။ ဒါပေမယ့် ဒီအခက်အခဲတွေကို မဖြစ်မနေ ကျော်လွှားရမှာမို့ အားလုံးပူးပေါင်းကြရမှာဖြစ်တဲ့အတွက် ကျောင်းသားရော ကျောင်းသားမိဘများပါ အသိပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ **ပညာရေးဟာ နိုင်ငံရဲ့ အဓိကအခန်းကဏ္ဍဖြစ်လို့ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ကျန်းမာရေးဟာလည်း အထူးအလေးထားရမှာ ဖြစ်ပါတယ်။ဒါ့ကြောင့် နိုင်ငံ့သားကောင်းရတနာ သမီးကောင်း ရတနာများအတွက် ကာကွယ်ဆေးကို မဖြစ်မနေ ထိုးနှံပြီး ပျော်ရွှင်စွာပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။**

**တွေ့ဆုံမေးမြန်းသူ-ဒေါ်ခင်မာလာ(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူချောမွေ့စွာ ပြည်ပမှတင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ငါးခုမှ ယာဉ်စီးရေ ၁၃ စီးဖြင့် အောက်ဆီဂျင်အရည် Browser ယာဉ်ဖြင့် တန် ၂၀၊ PPE အစုံ ၃၃၄၅၀၊ နှာခေါင်းစည်း Mask ၆၄ တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင်အရည် သယ်ယာဉ် တစ်စီးမှာ ရန်ကုန်မြို့သို့ ပို့ဆောင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**သတင်းစဉ်**



ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးပစ္စည်းများ တင်သွင်းလာသည့် ယာဉ်ကို တွေ့ရစဉ်။



## တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လအတွင်း တောရိုင်းတိရစ္ဆာန်များ အတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် အကောင်အထည် ဖော်မှုကို တင်ပြခြင်း အွန်လိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေနှင့် RNH ကို ရေးဆွဲဆောင်ရွက်ခြင်းသည် UN Decade on Ecosystem Restoration 2021-2030 တွင် အချိန်ကိုက် ပါဝင်ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများကိုလည်း ပို့ချပေးထားပြီးဖြစ်ပြီး သင်တန်းများတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လုပ်ငန်းများအပြင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ ပို့ချချက်များကိုလည်း ထည့်သွင်းပို့ချပေးခဲ့ပါကြောင်း၊ ဥယျာဉ်/ဘေးမဲ့တော ၁၉ ခု အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် RNH လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်ကိုလည်း သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်ချုပ်အစီရင်ခံစာများမှတစ်ဆင့် တွေ့ရှိရပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် RNH လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ဝန်ထမ်းများ လုံခြုံရေး အခြေအနေကြောင့် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရပါကြောင်း။

ယနေ့ အစည်းအဝေးတွင် ဥယျာဉ်/ဘေးမဲ့တော ၁၉ ခု အနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားမှုနှင့် ဆောင်ရွက်မည့် အစီအမံများကို ပြည်စုံစွာ တင်ပြသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဥယျာဉ်/ ဘေးမဲ့တောများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၀-၂၀၂၁ အင်္ဂါနေ့

### MRTV HD

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မောဂ္ဂလ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုနယ်မြေဆီသို့
**၀၉:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉:၃၀** NHK အစီအစဉ် 'သလင်းပုံဆောင်ခဲများ'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'အဖြန့်အလှန်'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
**၁၆:၃၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
**၁၇:၁၀** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၄၅** နွဲ့စိုတူပျော်ရိုးရာမီးထွန်းပွဲတော်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြ မြန်မာတေးအလှ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောပေတ္တာများ' (အပိုင်း-၁၂)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'

### mitv

**07:01** News
**07:27** Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:35** Jade Pagoda: Weirawsana
**07:53** Sticky Shan Snack
**08:01** Myanmar Social & Charitable Association (EP-3) (Part-1)
**08:27** Xylophone's Home
**08:48** A Snake Catcher
**09:01** Weaving Craft for a living
**09:14** Aesthetic Painting on Pathein Umbrella
**09:28** Fine Arts Podium (Conch Shell, Wind Instrument)
**09:42** The Lapidarist
**10:14** Moyingyi Wildlife Sanctuary
**11:01** Travelogue: Ngwe Saung Beach
**11:53** Will you feed the pigeons?

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘွဲကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသော ရိုးရာတူရိယာများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီကျွန်း (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မေမေလုပ်ကျွေးတဲ့ဟင်းထုပ်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ (အပိုင်း-၂၃)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါ်နူးစုမ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုက္ခမီရေလယ်ဘုရားနှင့်စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရေးလက်ရယ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြရအောင် (အပိုင်း-၃)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီပိဿာ ၆၀၄၀၄၃၀၊ တန်ချိန် ၉၈၇၀ ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၄ ၃၇၂၈၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၃၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၃၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၇၀ ကျပ် | ၁၄၇၅/၁၅၂၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၀/၁၄၇၅ ကျပ် | ၁၄၉၀/၁၅၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၅၅/၁၄၅၅ ကျပ် | ၁၄၉၅/၁၅၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၆၅/၁၅၁၀ ကျပ် | ၁၅၉၀/၁၆၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၉၇၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၈၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၅၉ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၃၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၇၄၉ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၃ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၆ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၂၂၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၃၆ | ၃၁၆၉၀၀ |
| MTSH | ၃၁၅၀ | ၃၂၅၀ | ၃၄၂၇ | ၁၀၉၈၉၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၀၀၀ | ၂၀၅၀၀ | ၇၈၈၁ | ၁၆၁၅၆၂၀၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၆၀ | ၁၆၅၅၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၅၉ | ၁၇၄၀၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃ | ၁၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့ ၊ တွဲလက်ခိုင်မာပူးပေါင်းစို့

မောင်လူမွန် (သုတေသန)

**သဘာဝဘေးအန္တရာယ်များသည် အဖျက်စွမ်းအားကြီးမားလှသကဲ့သို့ ကျွန်ုပ်တို့နေထိုင်ရာ မြေကမ္ဘာကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လျက်ရှိပါသည်။ ပြင်းထန်ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးဖြစ်ပွားပါက လူသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကိုသာမက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့်နယ်ပယ်အသီးသီးတွင် ကြီးမားသောဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။**

၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်အကြိမ် ၃၀၀ ကျော် ဖြစ်ပွားခဲ့ပြီး တစ်နှစ်လျှင် ပျမ်းမျှလူဦးရေ ၁၆၄ သန်းကျော် သဘာဝဘေးသင့်ခဲ့ရကာ လူဦးရေ ၁၅၀၀၀ ခန့် သေဆုံးခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၀ ဘီလီယံ ကျော်ဖြစ်ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။ Regional Consultative Group (RCG) on Humanitarian Civil-Military Coordination for Asia and the Pacific ၏အဆိုအရ မြန်မာနိုင်ငံသည် (ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ နီပေါ၊ ဖိလစ်ပိုင်) တို့နှင့်အတူ အာရှတိုက်၏ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုအမြင့်မားဆုံး ထိပ်တန်းငါးနိုင်ငံတွင် ပါဝင်နေကြောင်း သိရှိရသဖြင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးကြောင်း သတိချပ်သင့်ပါသည်။

**● သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအား၊ ငွေအား၊ ပစ္စည်းအား၊ အချိန်အားစသည့် အရင်းအမြစ်များစွာ သုံးစွဲကြရပါသည်။ ထို့ကြောင့် အနာဂတ်ကာလတွင် ဖြစ်ပွားနိုင်ခြေရှိသည့် သဘာဝဘေး၊ ကျရောက်နိုင်ခြေရှိသည့်ဒေသ၊ ကျရောက်နိုင်သည့် သဘာဝဘေးပမာဏ စသည်တို့ကို ကြိုတင်တွက်ဆ၍ (Prospective Risk Management)အဖြစ် မိမိတို့၏ စွမ်းအားစုများကို စနစ်တကျအသုံးချပါက သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုကို ထိရောက်စွာ လျှော့ချနိုင်မည်**

### သတိပြုကာကွယ် သဘာဝဘေးအန္တရာယ်

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးမှုများ သိသာထင်ရှားစွာ ခံစားရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အညွှန်းကိန်း ၂၀၂၁ (Global Climate Risk Index 2021) ၏ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လေ့လာတွေ့ရှိမှုအရ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတွင် ပွာတိုရီကိုနိုင်ငံသည် အဆင့်(၁)၌လည်းကောင်း၊ မြန်မာနိုင်ငံသည် အဆင့်(၂)နှင့် ဟေတီနိုင်ငံသည် အဆင့်(၃)တွင် လည်းကောင်း ရပ်တည်လျက်ရှိကြပါသည်။ ထို့အပြင် Risk index for natural disasters Myanmar 2020 by type ၏၂၀၂၀ ပြည့်နှစ် စစ်တမ်း၌ မြန်မာနိုင်ငံသည် အမှတ်(၁၀)မှတ်အနက် ရေဘေးဖြစ်ပွားမှုတွင် ၉ ဒသမ ၉ မှတ်အထိ မြင့်မားခဲ့ပြီး မိုးခေါင်ရေရှားဘေးမှာမူ (၁)မှတ်သာ ရရှိသည်အထိ ဖြစ်ပွားမှုနည်းပါးခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ Inform Global Risk Index အရ မြန်မာနိုင်ငံသည် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအမှတ် ၁၀ မှတ်အနက် ၆ ဒသမ ၄ မှတ်အထိ မြင့်မားခဲ့ကြောင်း ဖော်ပြထားပါသည်။ ဘေးဖြစ်ပွားနိုင်မှုနှင့် ဘေးအန္တရာယ်နှင့် ထိတွေ့နိုင်မှုတို့မှာ ၁၀ မှတ်အနက် ၇ ဒသမ ၅ မှတ်ဖြင့်လည်းကောင်း၊ ဘေးကြောင့် ထိခိုက်လွယ်မှုမှာ ၁၀ မှတ်အနက် ၅ ဒသမ ၄၅ မှတ်ဖြင့် လည်းကောင်း၊ ဘေးအန္တရာယ်ကို ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းနည်းပါးမှုမှာ ၁၀ မှတ်အနက် ၆ ဒသမ ၄ မှတ်အထိလည်းကောင်း ရရှိထားခဲ့သဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့နည်းစေရန် ပိုမိုကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ဆိုခဲ့သကဲ့သို့ မြန်မာနိုင်ငံသည် ရေမြေအနေအထားအရ မီးဘေး၊ ရေဘေး၊ ငလျင်ဘေး၊ လေပြင်းဘေး၊ မုန်တိုင်းဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ရေရှားဘေး၊ မြေပြိုဘေးနှင့် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ရနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာတွင် ဖြစ်ပွားလျက်ရှိသည့် SARS, FLU, Covid-19 ကဲ့သို့ ကူးစက်မြန်ရောဂါမျိုးကိုလည်း အခြားနိုင်ငံများနည်းတူ ခံစားရသည့် နိုင်ငံဖြစ်ပါသည်။ ၂၄၀၀ ကီလိုမီတာ ကျော်ရှည်လျားသည့် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသများသည်လေပြင်းဘေး၊ ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မုန်တိုင်းဒီရေဘေး၊ ဆူနာမီဘေး၊ ရေကြီးရေလျှံဘေးတို့ကို ရင်ဆိုင်ခံစားရသကဲ့သို့ နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် မီးဘေးနှင့် အချို့ဒေသများတွင် မြေငလျင်၊ မိုးခေါင်ရေရှားနှင့် မြေပြိုဘေးအန္တရာယ်တို့ ကြုံတွေ့ရနိုင်ပါသည်။ မြစ်ချောင်းများနှင့် နီးသည့် အချို့နေရာဒေသများတွင်မူ ရေကြီးရေလျှံဘေးနှင့် ကမ်းပြို၊ မြေပြိုဘေးအန္တရာယ်တို့ ကြုံတွေ့ရလေ့ရှိပါသည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးများအနက် ၇၁ ရာခိုင်နှုန်းသည် မီးဘေး၊ ၁၀ ရာခိုင်နှုန်းသည် ရေကြီးရေလျှံဘေး၊ ၁၁ ရာခိုင်နှုန်းသည် လေပြင်းမုန်တိုင်းဘေးနှင့် အခြား ၈ ရာခိုင်နှုန်းသည် မြေငလျင်၊ ဆူနာမီနှင့် မြေပြိုခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၀၈ ခုနှစ် မေလအတွင်း တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့သမိုင်းတစ်လျှောက်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များအနက် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ် ဖြစ်ပါသည်။ အဆိုပါ မုန်တိုင်းကြောင့် လူဦးရေ ၈၀၀၀၀ ခန့် အတိဒုက္ခရောက်ခဲ့၍ လူ့အသက်ပေါင်း ၁၄၀၀၀၀ ခန့် သေကျေခဲ့ရသကဲ့သို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံခန့်အထိ ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် လူဦးရေ ငါးသန်းကျော်၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ဆုံးရှုံးခဲ့ရကာ လူဦးရေ ၁၄၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပါသည်။ တိုက်ရိုက်ဆုံးရှုံးမှုပမာဏမှာ ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်ဖြစ်၍ ပုံစံပြုစိစစ်လေ့လာချက်များအရ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ရေရှည်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ဆုံးရှုံးရနိုင်ကြောင်း ပညာရှင်များက သုံးသပ်တင်ပြကြပါသည်။

### ဆုံးရှုံးနိုင်ခြေ လျော့နည်းဖို့ စနစ်တကျဆောင်ရွက်စို့

မြန်မာနိုင်ငံသည် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းနှင့် မုန်တိုင်းဒီရေများကြောင့် ထိခိုက်ပျက်စီးမှုများပြားသည့် နိုင်ငံဖြစ်ပါသည်။ အထူးသဖြင့် ဧပြီနှင့် မေလအတွင်း ဖြစ်ပွားတတ်သည့် မုန်တိုင်းများနှင့် အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများကြောင့် ထိခိုက်ဆုံးရှုံးမှုကြီးမားသည့်အခြေအနေကို ကြုံတွေ့ရပါသည်။ ယနေ့ခေတ်အချိန်အခါသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုကြောင့် သဘာဝဘေးအန္တရာယ်များ တစ်နေ့တခြား တိုးပွားလျက်ရှိရုံ သာမက ၂၀၁၉ ခုနှစ်မှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ Coronavirus Disease (COVID-19)သည် ကမ္ဘာ့ကပ်ရောဂါ(Pandemic) အဖြစ် တစ်ကမ္ဘာလုံး ကူးစက်ခံစားနေကြရပြီဖြစ်ပါသည်။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးက ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ဆေးနှင့် ကုသပျောက်ကင်းနိုင်မည့်ဆေးများ ရှာဖွေ၊ ဖော်ထုတ်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်နှုန်း သိသာစွာကျဆင်းလျက်ရှိသကဲ့သို့ ရောဂါကို ထိရောက်စွာ ထိန်းချုပ်နိုင်သည်အထိ အောင်မြင်မှုများ ရရှိနေကြောင်း ဝမ်းမြောက်ဖွယ် သိရှိရပါသည်။

သဘာဝဘေးအန္တရာယ်သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုစီးပွားဘဝကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ သဘာဝဘေးဟူသည် တားဆီး၍မရနိုင်ပါ။ သို့ရာတွင် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးကြောင့် ထိခိုက်ခံစားရမှုကို လျှော့ချနိုင်ပါသည်။ အဆိုပါသဘာဝဘေးများကို ရင်ဆိုင် တုံ့ပြန်ရာတွင် ကြိုတင်ပြင်ဆင်ခြင်း (Preparedness)၊ ကြိုတင်ကာကွယ်ခြင်း(Prevention)နှင့် အမြဲအဆင်သင့် ဖြစ်နေစေခြင်း(Readiness)တို့သည် များစွာအရေးပါသော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ **ကြိုတင်ပြင်ဆင်မှုနှင့် အဆင်သင့်ဖြစ်မှု အားကောင်းမှသာ သဘာဝဘေးကို မကြောက်မရွံ့ဘဲ ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်မည်** ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအား၊ ငွေအား၊ ပစ္စည်း အား၊ အချိန်အားစသည့် အရင်းအမြစ်များစွာ သုံးစွဲကြရပါသည်။ ထို့ကြောင့် အနာဂတ်ကာလတွင် ဖြစ်ပွားနိုင်ခြေရှိသည့် သဘာဝဘေး၊ ကျရောက်နိုင်ခြေရှိသည့်ဒေသ၊ ကျရောက်နိုင်သည့် သဘာဝဘေးပမာဏ စသည်တို့ကို ကြိုတင်တွက်ဆ၍ (Prospective Risk Management) အဖြစ် မိမိတို့၏စွမ်းအားစုများကို စနစ်တကျအသုံးချပါက သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုကို ထိရောက်စွာ လျှော့ချနိုင်မည် ဖြစ်ပါသည်။

ယခုအခါ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်လမ်းညွှန်မှုဖြင့် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဘေးဖြစ်ပွားရာ ခရိုင်နှင့် မြို့နယ်ဘေးစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေး၊ ဘေးကျရောက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရေး၊ ဘေးဖြစ်ပွားပြီး ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေနှင့် နည်းဥပဒေပါ သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ၊ ကြိုတင်စီမံ ဆောင်ရွက်ပါက ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းကျဆင်းမည်မှာ **မြေကြီးလက်ခတ်မလွဲ**ပင် ဖြစ်ပါသည်။

### သဘာဝဘေးတွေ လျော့ပါးဖို့ ဒို့အတူ လက်တွဲဆောင်ရွက်စို့

ကုလသမဂ္ဂဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံး (United Nations Disaster Risk Reduction) က နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှစ၍ "International Day for Disaster Risk Reduction" "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့" ဟု အမည်ပြောင်းလဲသတ်မှတ်ကာ အဆိုပါနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးက သဘာဝဘေးလျော့ပါးရေး အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ စတင်ကာ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားများ ကျင်းပရာတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူညီထားသည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် ၂၀၁၅-၂၀၃၀ ပါ ပန်းတိုင်များနှင့်အညီ ဦးစားပေးနယ်ပယ်များနှင့် ဦးတည်အုပ်စုများအလိုက် နှစ်စဉ်ဆောင်ပုဒ်များ သတ်မှတ်ခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆန်ဒိုင်းမူဘောင် Target (A,B,C,D,E) ကို အကွခရာစဉ်အတိုင်း ဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ အလျဉ်းသင့်၍ တင်ပြရပါက ၂၀၁၆ ခုနှစ်တွင် " Live to tell" "ဘဝရှင်သန်နေထိုင်ဖို့ ဘေးအန္တရာယ်အသိမျှဝေစို့" ၂၀၁၇ ခုနှစ်တွင် "Home Safe Home" "ထိတွေ့ဘေးဒဏ် လျှော့ချမှ၊ လုံခြုံစိတ်ချတို့ဘဝ"၊ ၂၀၁၈ ခုနှစ်တွင်

*စာမျက်နှာ ၂၁ သို့*






**အပြင်ထွက်တိုင်း**

**ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို**

**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# ကသာ-ပြည်သာယာ-သိမ်အင်း ကတ္တရာလမ်းမပေါ်ရှိ သွေးကျောက်ချောင်းတံတားအား ပြန်လည်ပြုပြင်

**ကသာ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျန်တောကျေးရွာအုပ်စု ကျန်တောကျေးရွာ (ကသာ-ပြည်သာယာ-သိမ်အင်း)ကတ္တရာလမ်းမပေါ်ရှိ သွေးကျောက်ချောင်း သစ်သားတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ခရိုင် တည်ဆောက်ရေး လုပ်ငန်းများ စိစစ်ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တံတားပြန်လည်ပြုပြင်ရေးလုပ်ငန်း အဖွဲ့က စတင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားကို စက်တင်ဘာ ၂၅ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်သည့် ခရိုင်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုစစ်ဆေးရာ သွေးကျောက်ချောင်း တံတား၏ ရေလယ်တိုင်အခန်းများရှိ သစ်သားရက်မတန်းများ၊ ကြမ်းခင်းများနှင့် ဘီးနင်းများမှာ ဆွေးမြည့်ကျိုးပဲ့ ပျက်စီးလျက်ရှိသဖြင့် မော်တော် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး အချိန်မရွေး တံတားကျိုးကျနိုင်ခြင်း အန္တရာယ်နှင့် ကြုံတွေ့နိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါတံတား (၂၄ x ၁၄)ပေရှိသည့်အနက် ပျက်စီးနေသည့် အစိတ်အပိုင်းဖြစ်သော ပေ ၄၀ ခန်း နှစ်ခန်း၊ ၂၄ ပေခန်း နှစ်ခန်း တို့ကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စက်တင်ဘာ ၂၉ ရက်က ကျင်းပသည့် အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် (၃၉)အရ ခန့်မှန်းကုန်ကျငွေကျပ် ၁၄ ဒသမ ၆ သန်းကို အဆိုပါ တံတား ပြန်လည်ပြုပြင်နိုင်ရေးအတွက် ခွင့်ပြုခဲ့ကြောင်း၊ တံတား ပြန်လည် ပြုပြင်ခွင့်ပြုသည့်နေ့မှစတင်၍ တံတားပြန်လည်ပြုပြင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ကာ တံတားပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ကသာ- ပြည်သာယာ- သိမ်အင်း ကတ္တရာလမ်းမပေါ်ရှိ သွေးကျောက်ချောင်းသစ်သားတံတားသည် စုစုပေါင်းအလျားအနံ(၂၄ x ၁၄)ပေနှင့် ပေ ၄၀ ခန်း နှစ်ခန်း၊ ၂၅ ပေခန်းနှစ်ခန်း၊ ၂၄ ပေခန်း နှစ်ခန်း၊ ၂၃ ပေ ခန်း နှစ်ခန်းရှိပြီး အဆို ပါတံတားသည် ကသာမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာနှင့် လူဦးရေ၂၇၅၃၀တို့၏ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိက အထောက်အကူပြုသော တံတားဖြစ်သည့်အပြင် ခရိုင်ချင်းဆက် အမှတ်(၃) လမ်းမကြီးနှင့် ဆက်သွယ်ထားသော လမ်းပေါ်ရှိ တံတားတစ်ခု ဖြစ်သည့်အားလျော်စွာ ထီးချိုင့်မြို့နယ်အတွင်းမှ လာရောက်သည့် ပြည်သူများအတွက်ပါ များစွာ အထောက်အကူပြုသော တံတားဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

“Reducing Economic Losses from Disaster has the Power to Transform Lives” ပြည်သူ့ဘဝ တိုးတက်ပြောင်းလဲဖို့ ဘေးဒဏ်ကြောင့် စီးပွားဆုံးရှုံးမှုကို လျှော့ချစို့” ၊ ၂၀၁၉ ခုနှစ်တွင် “Build to Last” “ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ အခိုင်ခံ့ဆုံးတည်ဆောက်စို့”၊ ၂၀၂၀ ပြည့်နှစ်တွင် It’s All About Governance” “ပေါင်းစည်းညီညွတ်သော စီမံဆောင်ရွက်မှုမှသည်၊ သဘာဝဘေးလျော့ပါးရေးဆီသို့” ဟူသည့် ဆောင်ပုဒ်များဖြင့် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုနှစ်အတွက် ဆန်ဒိုင်းမူဘောင် Target(F)ဖြစ်သည့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များက ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ပြီး လုံလောက်သော အထောက်အပံ့များ ပေးနိုင်ရေး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန်ရည်မှန်းကာ **“Only Together, Can We Save the Planet!” “ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့ တွဲလက်ခိုင်မာ ပူးပေါင်းစို့”** ဟူ၍ ဆောင်ပုဒ်သတ်မှတ်ထားကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို သဘာဝဘေးအန္တရာယ်ကြောင့် ဘေးသင့်သူဦးရေလျှော့ချရေးကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထုမှ အလေးထားဆောင်ရွက်နိုင်စေရန်၊ သဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူများ အပါအဝင် နေအိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်ရန်၊ ဆန်ဒိုင်းမူဘောင်ပါ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန်၊ ကူးစက်ရောဂါအပါအဝင် ဇီဝဗေဒဆိုင်ရာ ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ကာကွယ်ဆေးမျှတစွာ ဖြန့်ဝေရေးတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ရည်ရွယ်ကာ အောက်တိုဘာ ၁၃ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

**ဒို့နေထိုင်ရာ မြေကမ္ဘာ၊ သာယာစေဖို့ ထိန်းသိမ်းစို့**

ပညာရှင်များ၏ သုံးသပ်ချက်အရ အနာဂတ်ကာလများတွင် (Extreme weather events) ခေါ် ပြင်းထန်သည့် ရာသီဥတုကြောင့် ဖြစ်ပွားလာမည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုများ ဦးစားပေးဆောင်ရွက်ထားကြရန်လိုကြောင်း သိရှိရပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားလာမည့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းသက်သာစေရေးနှင့် ဆန်ဒိုင်းမူဘောင် Target (F) ပါ ရည်မှန်းချက်များ အောင်မြင်စေရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် စီမံချက်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများမှ ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှု (Community’s Active Participation) သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသကဲ့သို့ အသိပညာပေးလုပ်ငန်းများသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပါသည်။ သဘာဝဘေးဖြစ်ပွားပါက ဘေးဖြစ်ပွားရာဒေသရှိ ပြည်သူလူထုမှာ ဦးစွာခံစားကြရမည်ဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် မှန်ကန်သည့် သဘာဝဘေး အသိပညာ ရရှိထားပါက ဘေးဒဏ်ကို စနစ်တကျ ရင်ဆိုင်တုံ့ပြန်နိုင်မည် ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်ဖြစ်ပွားသည့် ဘေးအန္တရာယ်များကြောင့် ကဏ္ဍစုံတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ပိုမိုသိမြင်သဘောပေါက်လာပြီး မိမိတို့နေထိုင်ရာ ကမ္ဘာမြေထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လာကြပြီဖြစ်ပါသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးကို ထည့်သွင်းစဉ်းစားကာ ရေရှည်မျှော်တွေး၍ စီမံဆောင်ရွက်နိုင်သည့် အလေ့အထကောင်းများ ရရှိလာကြပြီဖြစ်ပါသည်။ အလားတူ မိမိတို့နိုင်ငံ ပြည်သူလူထုသည်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ယခင်ကထက် ကုံလုံကြွယ်ဝလာကြပြီဖြစ်၍ သဘာဝဘေးဖြစ်ပွားလာပါက ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဘေးဒဏ် ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အဖွဲ့အစည်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော လူ့အသိုက်အဝန်းကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

၁။ မြန်မာနိုင်ငံသဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် ၂၀၁၇ ၊

၂။ မြန်မာနိုင်ငံ ပြည်သူလူထုသဘာဝဘေး ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြှင့်မားစေရေး အမျိုးသားအဆင့်မူဘောင်

၃။ ၁၄-၇-၂၀၂၁ ၊ မြန်မာ့အလင်းသတင်းစာပါ တာရာ၏ဆောင်းပါး

၄။ Global Climate Risk Index 2021

# ကပ်ရောဂါအကျိုးဆက်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်လာသောကလေးများ

◇◇◇◇◇◇◇◇◇◇◇◇◇ ကေကေစိုး ◇◇◇◇◇◇◇◇◇◇◇◇◇



ပြင်သစ်နိုင်ငံ ပါရီမြို့ကလေးဆေးရုံတွင် ပြတင်းပေါက်အပြင်ဘက်ကို ငေးကြည့်နေသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

**❊ အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကြောင့် အစားအသောက်ပုံမှန်မဟုတ်ခြင်း၊ စိတ်ပူပန်မှုများ များလာခြင်းအပါအဝင် အခြားသော အခက်အခဲများ ကလေးများ ကြုံတွေ့လာရသည်ဟု တွေ့မြင်လာကြသည်။ ကိုဗစ်- ၁၉ ရောဂါကြောင့် မိဘဘိုးဘွားများ သေဆုံးသွားရသည်ကို တွေ့မြင်ရခြင်းနှင့် သူငယ်ချင်းအပေါင်းအသင်းများနှင့် ဝေးကွာသည့်နေရာတွင် အဝေးရောက်သင်ကြားမှုပုံစံဖြင့်သာ စာသင်ကြားရခြင်းတို့ကြောင့်လည်း ကလေးများနှင့် ဆယ်ကျော်သက်များအတွက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုကို ပိုမိုဖြစ်ပေါ်စေသည်**

ကလေးများနှင့် ဆယ်ကျော်သက်အရွယ်လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုထိန်းသိမ်းပေးရန်အတွက် အစိုးရများအနေဖြင့် ပိုက်ဆံပိုမိုသုံးစွဲခြင်းနှင့် အရင်းအမြစ်များ ပိုမိုထောက်ပံ့ပေးသင့်သည်ဟု ကုလသမဂ္ဂကလေးများ ကာကွယ်ပေးရေးအေဂျင်စီက အောက်တိုဘာ ၅ ရက်တွင် အစီရင်ခံစာ တင်သွင်းခဲ့သည်။

**ကျောင်းများပိတ်ထားရ**

ကိုဗစ် - ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ကလေးများနှင့် ဆယ်ကျော်သက်များတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုများ ရှိလာသည်ဟု သတိပေးသံများ ညံလာသည်။ တစ်ကမ္ဘာလုံးအနှံ့ ခံစားရသည့် ကိုဗစ်- ၁၉ ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။ စာသင်ကျောင်းဆိုသည်မှာ ကလေးများနှင့် ဆယ်ကျော်သက်များအဓိက မှီခိုနေရသည့်နေရာလည်း ဖြစ်သည်။ ယင်းကဲ့သို့ ကျောင်းများပိတ်ထားရသည့်အတွက် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတွင် ထိခိုက်မှုများဖြစ်စေသည်ဟု ဖော်ပြထားသည်။

**စိတ်ဖိစီးမှုလက္ခဏာများကို တွေ့လာရ**

ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမည်မျှ ထိခိုက်မှုရှိသည်ကို အပြည့်အဝလေ့လာရန်အတွက် နှစ်များစွာ အချိန်ယူရမည်ဟုလည်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ပြောသည်။ စိတ်ရောဂါအထူးကုပညာရှင်များသည် ကလေးများနှင့် ဆယ်ကျော်သက်အရွယ်များတွင် ဖြစ်ပေါ်လာသည့် စိတ်ဖိစီးမှုလက္ခဏာများကို လျင်မြန်စွာပင် တွေ့မြင်ခဲ့ကြသည်။

**စိတ်ဖိစီးမှုကိုဖြစ်ပေါ်စေ**

အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကြောင့် အစားအသောက်ပုံမှန်မဟုတ်ခြင်း၊ စိတ်ပူပန်မှုများ များလာခြင်းအပါအဝင် အခြားသော အခက်အခဲများ ကလေးများ ကြုံတွေ့လာရသည်ဟု တွေ့မြင်လာကြသည်။ ကိုဗစ် - ၁၉ ရောဂါကြောင့် မိဘဘိုးဘွားများ သေဆုံးသွားရသည်ကို တွေ့မြင်ရခြင်းနှင့် သူငယ်ချင်းအပေါင်းအသင်းများနှင့် ဝေးကွာသည့်နေရာတွင် အဝေးရောက်သင်ကြားမှုပုံစံဖြင့်သာ စာသင်ကြားရခြင်းတို့ကြောင့်လည်း ကလေးများနှင့် ဆယ်ကျော်သက်များအတွက် စိတ်ပိုင်းဆိုင်ရာဖိစီးမှုကို ပိုမိုဖြစ်ပေါ်စေသည်။

**စိတ်ဖိစီးမှုများပြား**

တစ်နိုင်ငံလုံးအနှံ့ အသွားအလာ ပိတ်ဆို့ထားခြင်းများနှင့် ကပ်ရောဂါနှင့်ဆက်နွှယ်သည့် ကန့်သတ်ချက်များကြောင့် မိသားစု၊ သူငယ်ချင်း၊ စာသင်ခန်းများ၊ ကစားကွင်းများနှင့် ဝေးရာတွင် နေထိုင်နေရသည်။ အဆိုပါအရာများမှာ ကလေးဘဝအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည့်အရာများ ဖြစ်ကြသည်။ ယင်းကိစ္စရပ်များကြောင့်လည်း ကလေးများအတွက် သက်ရောက်မှုကြီးမားရသည်။ ကပ်ရောဂါမတိုင်မီကာလကတည်းကပင် ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများခဲ့သည်။

**အနည်းငယ်သာရင်းနှီးမြှုပ်နှံ**

ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်အတွက် အစိုးရများသည် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ကိုသာ ပြုလုပ်ခဲ့ကြသည်။ ကလေးများနှင့် ဆယ်ကျော်သက်များကြားတွင် ကပ်ရောဂါနှင့် ဆက်စပ်ပြီး စိတ်ပူပင်သောကများ ဖြစ်ပေါ်လာရသည်ကို သတိပြုမိပြီးနောက် အချို့သော အစိုးရများတွင် အရေးယူဖြေရှင်းမှုများ ပြုလုပ်လာရန် လှုံ့ဆော်မှုဖြစ်ခဲ့သည်။ ယခု သီတင်းပတ်အတွင်း၌မှာပင် ပြင်သစ်သည် နှစ်ရက်ကြာကျင်းပသည့် တစ်ကမ္ဘာလုံးဆိုင်ရာ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**အရေးပေါ်ဆက်သွယ်ရေးလိုင်းများဖွင့်ပေး**

ကလေးများနှင့် ဆယ်ကျော်သက်များအတွက် ကျန်းမာရေးကုထုံးကို အခမဲ့ လုပ်ဆောင်ပေးရန်နှင့် ဆရာဝန်ညွှန်ကြားမှု လိုအပ်သူများကို လာမည့်နှစ်အထိ အကူအညီပေးသွားရန် ကမ်းလှမ်းခဲ့သည်။ ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်မှု များပြားနေသည့်ကာလတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးလိုအပ်သူများ အရေးပေါ် တိုင်ပင်ဆွေးနွေးနိုင်ရေးအတွက် အရေးပေါ်ဆက်သွယ်ရေးလိုင်းသစ်များကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

**လက်လှမ်းမမီ**

ဘဝနေထိုင်မှုပုံစံပြောင်းလဲခြင်း၊ စာသင်ကျောင်းများ ပိတ်ခြင်း၊ အသွားအလာပိတ်ဆို့ကန့်သတ်မှုနှင့် ဖျားနာမှုများကြောင့်ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုများ အပါအဝင် အခြားသော သက်ရောက်မှုများကို ကလေးများနှင့် ဆယ်ကျော်သက်များ ခံစားနေရမည်ကို စိုးရိမ်မိကြောင်း ယူနီဆက်ဖ်က ပြောသည်။ အသွားအလာပိတ်ဆို့ကန့်သတ်မှုသည် အပြုအမူပိုင်းဆိုင်ရာ ပြဿနာများကို လောင်စာပေးသကဲ့သို့ဖြစ်နေသည်။ အဝေးမှနေ၍ ပညာသင်ကြားပေးခြင်းစနစ်ကို သန်းပေါင်းများစွာသော လူငယ်များမှာ လက်လှမ်း၍မမီချေ။

**ရိုက်ခတ်မှုရှိ**

အင်တာနက် သို့မဟုတ် ရုပ်မြင်သံကြားမရှိသည့်အတွက် ကလေးသုံးဦးလျှင် တစ်ဦးမှာအဝေးမှနေ၍ ပညာသင်ယူ၍မရဟု ယူနီဆက်ဖ်က ပြောသည်။ ဆင်းရဲသည့်မိသားစုတွင် ပေါက်ဖွားသည့် ကလေးများမှာ ပို၍အခြေအနေဆိုးရွားသည်။ အရှေ့ပိုင်းနှင့် တောင်ပိုင်းအာဖရိကဒေသမှ ကလေးငါးဦးလျှင် နှစ်ဦးမှာ ဇူလိုင်လမှစတင်၍ ကျောင်းပြင်ပတွင်သာ ရှိနေသေးသည်ဟု ခန့်မှန်းထားသည်။ စာသင်ကျောင်းမှထွက်ရန် ဖိအားပေးခြင်းမခံရသည့်တိုင်အောင် ကလေးများတွင် ကပ်ရောဂါကြောင့် စီးပွားရေးနှင့် အလုပ်အကိုင် ကျဆင်းခြင်းဂယက် ရိုက်ခတ်မှုရှိသည်။

**ကလေးသတို့သမီးဖြစ်လာရန် ဖိအားများအောက် ရောက်ရှိ**

ဆင်းရဲမွဲတေမှုတွင် နေထိုင်ရသည့် ကလေးအရေအတွက် များပြားလာသည်။ ပြီးခဲ့သည့်နှစ်အတွင်း ဆင်းရဲမွဲတေမှုထဲသို့ ကျရောက်သွားသည့် ကလေးအရေအတွက်မှာ ၁၄၂ သန်း ရှိသည်ဟု သိရသည်။ ကျောင်းများပိတ်ထားခြင်းနှင့် ငွေရေးကြေးရေး အခက်အခဲများကြောင့် မိန်းကလေးများမှာ စောစီးစွာ လက်ထပ်ရခြင်း ကလေးသတို့သမီး ဖြစ်လာရန်ဖိအားများအောက်ရောက်လာရသည်ဟုလည်း ယူနီဆက်ဖ်က သတိပေးထားသည်။ ကလေးများနှင့် ဆယ်ကျော်သက်များမှာ အခြားသောအသက်ကြီးသူများနှင့် နှိုင်းယှဉ်လျှင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုနည်းပါးသော်လည်း ၎င်းတို့အတွက် အနာဂတ်တွင်မူ အရိပ်မိုးလျက်ရှိပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက်လည်း စိုးရိမ်ရသည်ဟု ယူနီဆက်ဖ်က သတိပေးထားသည်။

ကိုးကား - ဝါရှင်တန်ပို့စ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
## ရုံးအမှတ်(၃၂)၊ နေပြည်တော်
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန တွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၂၀)နေရာနှင့် စာပို့ (လစာနှုန်း ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူး(၂)နေရာတို့အတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ ဦးရေ | ပညာအရည်အချင်း | ဘာသာရပ်အလိုက် ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | စိစစ်ရေးမှူး-၂ (၂၀)ဦး | - စီးပွားရေးပညာဘွဲ့(စီးပွားရေး ဆိုင်ရာဘာသာရပ်) B.Com/M.Com,B.Act/M.Act, B.Econ/ M.Econ, B.Econ (Stats)/M.Econ(Stats), B.BSc (Applied Statistics)/ Master of Applied Statistics | (၇)ဦး |
| | | - အင်ဂျင်နီယာဘွဲ့ (အင်ဂျင်နီယာဘာသာရပ်) B.E/M.E(Civil),B.E/M.E (Mechanical), B.E/M.E (Mechatronics),B.E/M.E(IT) | (၆)ဦး |
| | | - ဥပဒေဘွဲ့(ဥပဒေဘာသာရပ်) LL.B/ LL.M | (၁)ဦး |
| | | - သိပ္ပံဘွဲ့(ကွန်ပျူတာဘာသာရပ်) B.C.Sc/M.C.Sc, B.C(Tech)/M.C (Tech) | (၂)ဦး |
| | | - ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာရပ်) B.A(English)/M.A(English) | (၄)ဦး |
| (ခ) | စာပို့ (၂)ဦး | - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ | (၂)ဦး |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အမှတ်စဉ်(က)အတွက် ၁၅-၁၁-၂၀၂၂ ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက ၁၆-၁၁-၂၀၂၂ ရက်နေ့တွင် (၃၅)နှစ်အထက်မကျော်လွန်သူ၊ အမှတ်စဉ်(ခ) အတွက် ၁၅-၁၁-၂၀၂၂ ရက်နေ့တွင် အသက်(၂၅) နှစ်အထက် မကျော်လွန်သူ ဖြစ်ရ မည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website https://www.mopf.gov.mm တွင် Download ရယူနိုင်ပြီး လျှောက်လွှာတွင်ပါရှိသော အချက်များကို ပြည့်စုံစွာရေးသွင်းရမည်။ (လျှောက်လွှာရောင်းချ ခြင်း၊ ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
- (က) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်(ကာလာ)ဓာတ်ပုံ (၃)ပုံ၊ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ခ) အမှတ်စဉ်(က)အတွက် ဘွဲ့လက်မှတ်မိတ္တူ/ တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်လက်မှတ် မိတ္တူ၊ အမှတ်စဉ်(ခ)အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန် တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (င) ဝန်ထမ်းများအတွက် မိမိတာဝန်ထမ်းဆောင်နေသည့် ဌာန၏ထောက်ခံချက်၊
- (စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း၊
- (ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ထောက်ခံစာ မူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းမှ ထောက်ခံစာမူရင်း၊

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၁၅-၁၁-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းများသည် လျှောက်လွှာ(၂)စုံကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသို့ ၁၆-၁၁-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ ပညာအရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူ များကို စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ စိစစ်ရေးမှူး-၂ ရာထူး (၂၀) နေရာအတွက် လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ် ပြီးပါက သတ်မှတ်ချက်အရည်အချင်းနှင့် ကိုက်ညီသူများသည် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ၂၇-၁၁-၂၀၂၂ရက်နေ့(စနေနေ့)တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုခွင့် ကတ်ပြား များကို ၂၅-၁၁-၂၀၂၂ ရက်နေ့ နှင့် ၂၆-၁၁-၂၀၂၂ ရက်နေ့တို့တွင် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူ ရမည်ဖြစ်ပါသည်။ စိစစ်ရေးမှူး-၂ ရာထူး (၂၀) နေရာအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၁၈-၁၂-၂၀၂၂ ရက်နေ့ နှင့် ၁၉-၁၂-၂၀၂၂ ရက်နေ့တို့တွင် လူတွေ့ စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန(နေပြည်တော်)တွင် တာဝန် ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ် ရေးထိုး ရမည်။

၁၀။ စိစစ်ရေးမှူး-၂ ရာထူး (၂၀)နေရာအတွက် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | မြန်မာစာ | (၂)နာရီမေးခွန်း |
| (ခ) | အင်္ဂလိပ်စာ | (၂)နာရီမေးခွန်း |
| (ဂ) | အထွေထွေဗဟုသုတ | (၂)နာရီမေးခွန်း |

၁၁။ စာပို့ ရာထူး (၂) နေရာအတွက် လူတွေ့စစ်ဆေးခြင်းကို ၁၉-၁၂-၂၀၂၂ ရက်နေ့တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ အမှတ်စဉ် (က) နှင့် (ခ) တို့အတွက် စာမေးပွဲ ဖြေဆိုသည့်ရက်များ ပြောင်းလဲမှုရှိပါက ဤဝန်ကြီးဌာန Website https://www.mopf. gov.mm တွင် ထုတ်ပြန်ကြေညာခြင်း၊ ဖြေဆိုခွင့်ရရှိသူများထံ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၁၂။ စာမေးပွဲ အောင်မြင်ပြီးသူများ၏ အမည်စာရင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန Website https://www.mopf. gov.mm တွင် ထုတ်ပြန်ကြေညာသွားပါမည်။ အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၆၀၆၆၊ ၀၆၇-၃၄၀၆၀၆၇ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော နေပြည်တော်သုံး ဒီဇယ်ဆီ(၃၂၀၀၀)ဂါလန်၊ ပရီမီယမ်(ဒီဇယ်ဆီသန့်) (၆၀၀၀)ဂါလန်နှင့် ဓာတ်ဆီ(92)(အောက်တိန်း) (၁၃၀၀၀) ဂါလန်၊ ရန်ကုန်သုံး ဒီဇယ်ဆီ(၄၀၀၀) ဂါလန်တို့ကို တင်ဒါအမှတ် 3(T)/DPTSC (ADM)/2021-2022(Mini)မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီး ဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါ ပိတ်ရက်( ၁၂-၁၁-၂၀၂၂)ရက် ၁၄:၀၀ နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ Covid-19ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူရန်မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web- Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများတွင် အသုံးပြုရန် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ အတွက် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ် အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် |
|---|---|---|
| (က) | ကွန်ပျူတာပရင်တာနှင့် ဆက်စပ်ပစ္စည်းများ | ၆၀၅ ခု |
| (ခ) | မီးစက်နှင့် ဆက်စပ်ပစ္စည်းများ | ၁၃ ခု |
| (ဂ) | Video Camera နှင့် ဆက်စပ်ပစ္စည်းများ | ၂၇၅ ခု |
| (ဃ) | လေအေးစက်နှင့် ဆက်စပ်ပစ္စည်းများ | ၆၁ ခု |
| (င) | ဘဏ်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ | ၆၂ ခု |
| (စ) | လုပ်ငန်းသုံး အခြားပစ္စည်းများ | ၅၉ ခု |
| (ဆ) | ရုံးသုံးစက်ကိရိယာများ | ၂၀၉ ခု |
| (ဇ) | ရုံးသုံး ပရိဘောဂများ | ၅၉၃ ခု |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၂၂ရက်မှ ၁၂-၁၁-၂၀၂၂ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၂-၁၁-၂၀၂၂ရက်(၁၆:၀၀)နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၂၆)နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ဆက်သွယ်အကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၀၁၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးလုပ်ငန်းများတင်ဒါကော်မတီ**

## ချင်းပြည်နယ် မီးသတ်ဦးစီးဌာန
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ (၆)လ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်၊ ရိဒ်ခေါဒါရ် နယ်မြေ မီးသတ်စခန်း မြေထိန်းနံရံ(၁)ခု၊ တည်ဆောက်ခြင်း — ပေ(၂၀၀ X ၅ X ၆၀)
- (ခ) ဖလမ်းခရိုင်၊ တွန်းဇံမြို့နယ်၊ ကျီခါးနယ်မြေ မီးသတ်စခန်း မြေထိန်းနံရံ(၁)ခု၊ တည်ဆောက်ခြင်း — ပေ(၁၂၀ X ၅ X ၁၅)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၁၀-၂၀၂၂ရက်မှစတင် ရောင်းချမည်ဖြစ်ပြီး ၂၄-၁၁-၂၀၂၂ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ချင်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ ဟားခါးမြို့သို့ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး ဖုန်း-၀၇၀-၂၂၅၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) မီးငြိမ်းသတ်ရေးသုံးပစ္စည်းကိရိယာ(၄)မျိုး
- (ခ) မြေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာ(၁၁)မျိုး

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၁၀-၂၀၂၂ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၁၁-၂၀၂၂ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနရုံး၊ ဟားခါးမြို့သို့ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်မီးသတ် ဦးစီးမှူးရုံး(ဖုန်း-၀၇၀-၂၂၅၆၄)သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်မှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်အထိ (သီတင်းကျွတ်ရုံးပိတ်ရက်များ) တွင်ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## "ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်"

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်မှ အောက်တိုဘာလ ၂၂ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀.၀၅)ပေခန့်မှ (၂၀.၀၈)ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲ ဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သား ပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန် အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်း ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မှအသိပေးအကြောင်းကြားအပ်ပါသည်။

## အမည်မှန်

ဦးစိုးတင့်၏သားရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ကံကြီးကျေးရွာ အထက်တန်းကျောင်း Grade-7မှ မောင်ဇေယျာထက်အား မောင်ခန့်ဇေယျာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။


**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

09260664480
09260664490


**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အများသိစေရန် ကြေညာခြင်း

ကျောက်ဆည်ခရိုင်၊ ရဲစုရပ်ကွက်တွင်နေထိုင်သူ ဦးဝင်းဇော်၏သမီးဖြစ်သူ ဒေါ်တင်ဇာလင်း၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဇာလင်းသည် Social Network တစ်ခုဖြစ်သော Facebook တွင် Ei Dar အမည်ဖြင့် (Account) ဖွင့်လှစ်သုံးစွဲနေသူတစ်ဦးဖြစ်ပါသည်။ အဆိုပါ (Account) ဖြင့် အဝတ်အထည်များရောင်းချသည့်လုပ်ငန်းအား လုပ်ကိုင်နေသူတစ်ဦးလည်းဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေတင်ထားသည့် (Post)များ၏အောက်တွင် ကျွန်ုပ်မိတ်ဆွေထိခိုက်နစ်နာစေ ရန်၊ အနှောင့်အယှက်ဖြစ်စေရန်၊ အသရေပျက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ (Comments )များရေးသားခြင်း၊ ကျွန်ုပ်၏မိတ်ဆွေကိုင်ဆောင်သည့် ဖုန်းနံပါတ်များသို့ အသရေပျက်စေသော စကားရပ်များ၊ ခြိမ်းခြောက်သည့် စကားရပ်စာသားများ ပါသည့် (Messages)များရေးသားပေးပို့နေသည်ကိုတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဇာလင်းထိခိုက်နစ်နာစေရန်ဖြစ်စေ၊ အသရေပျက်စေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်စေ၊ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း နှောင့်ယှက်ခြင်း၊ သတင်းအချက်အလက်တစ်ခုခုအား ပြုလုပ်ရေးသားဖြန့်ချိခြင်းများ ပြုလုပ်ပါကတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်ချောစုဌေး(LL.B) | ဦးလပြည့်နိုင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၈၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၁) |
| ဖုန်း-၀၉-၄၀၂၅၃၁၆၈၃ | ဖုန်း-၀၉-၄၄၄၀၀၂၆၅၆ |

၈၂/၃၆၊ မြို့လယ်ရပ်၊ မိုးကုတ်မြို့

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈(သမိုင်း)၊ မြေကွက်အမှတ်-၁၆/က-၁ က A၊ ဧရိယာ-၀.၃၅၆ ဧကရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၇)မိုင်၊ ပြည်ရိပ်သာလမ်းသွယ်၊ အမှတ်-၁၉ဘီ ဟုခေါ်တွင်သော 'B'မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးကာဗီ (ခ) ဦးစိန်ဝင်း (၁၂/လမတ(နိုင်)၀၂၃၇၉၂)နှင့် ဒေါ်စင်စင်မြင့်(၁၂/လမတ(နိုင်)၀၂၃၄၉၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ ဖိုးရာဇာ(၃)လမ်း၊ မြေကွက်အမှတ်(၁၅၉၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်လှဆွေ(၁၄/ဝခမ(နိုင်)၀၁၀၁၄၀)အမည်ပေါက် မြေချပါမစ်မြေအနက်မှ တရားဝင်မခွဲစိပ်ရသေးသော (ခြေရင်းခြမ်း)အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှဝင်း (၁၁/ဖပန(နိုင်)၀၀၃၅၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ဖုန်း:- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆ ၊ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈ ဘီ-၂)၊ လူနေရပ်ကွက်အမှတ်(မုန့်လုပ်ဆောင်းကုန်းတောင်)၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ် (၄၁)၊ အကျယ်အဝန်း(၂၅ပေ× ၅၀ပေ)ရှိ ဒေါ်မိမိလေး (၁၂/လသန(နိုင်)၀၀၅၁၀၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆-ထပ်တိုက်) တိုက်အမှတ်(၇)၏ (မြေညီထပ်)တိုက်ခန်း အကျယ်အဝန်း(၂၃ပေ× ၄၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ မြေရှင်ဒေါ်မိမိလေး(၁၂/လသန(နိုင်)၀၀၅၁၀၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ဖုန်း:- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆ ၊ |

အမှတ်(၁၅) ၊ ပထမထပ်၊ သံသုမာလမ်း ၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး
## မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် မီနီဘတ်ဂျက် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၇၀'x၆၀'x၁၂')RC ၃ထပ် | (၁)လုံး |

၂။ တင်ဒါလျှောက်လွှာအား မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(က) **စတင်ရောင်းချမည့်ရက် အချိန်** - ၁၂-၁၀-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၉:၃၀နာရီ
(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၂၇-၁၀-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၃၀နာရီ
(ဂ) **တင်ဒါပိတ်မည့်ရက်/ အချိန်** - ၁-၁၁-၂၀၂၁ရက်(တနင်္လာနေ့) ညနေ ၁၆:၃၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးသို့ ကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၅၇-၂၄၇၃၄သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး**
**မော်လမြိုင်မြို့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
## ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအထူးအဖွဲ့(၃)နှင့် ခရိုင်များမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လအတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော "ရေရောကတ္တရာ၊ ၆၀/၇၀ နှင့် ၈၀/၁၀၀" ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကတ္တရာပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၂၁ရက်မှ ၁၁-၁၁-၂၀၂၁ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၂-၁၁-၂၀၂၁ရက်၊ ၁၆:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၅-၁၁-၂၀၂၁ရက်၊ နံနက် ၁၀:၀၀နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၃၁၇၀၊ ၀၈၄-၂၀၂၁၆၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## ပူတာအိုခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ပူတာအိုခရိုင် အတွင်း ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ)ဘဏ္ဍာရေးနှစ်၊ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါ သည်-

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၁၅-၁၀-၂၀၂၁ ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၉-၁၁-၂၀၂၁ ရက် မွန်းလွဲ ၂:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၀-၁၁-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ပူတာအိုခရိုင်

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လမ်းဦးစီးဌာန၊ ပူတာအိုခရိုင်ရုံး၊ ဖုန်း-၀၉-၄၂၇၆၇၆၂၂၊ ၀၉-၄၀၀၀၄၁၅၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်မှ မြေရိယာ ၀ ဒသမ ၁၂၄ဧကရှိ မြေကွက်အမှတ်(ပ-၂၁၃၈၁)၊ ဦးကြည်လွင် ၁၂/မရက(နိုင်)၀၇၈၂၅၄ (ဘ) ဦးကျော်ရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းမင်းထွဋ် ၇/ပခန(နိုင်)၀၉၂၅၀၅ (ဘ) ဦးတင်အောင်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၅/၂၀၂၁)တင်ပြ၍ ဒေါ်အေးမြတ်မြတ်စိုး ၁၀/မလမ(နိုင်)၁၈၃၂၅၀၊ ဒေါ်ဇင်ဇင်သော် ၁၀/မလမ(နိုင်)၂၀၃၆၀၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ(၆)လအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ပင်လည်ဘူးမြို့နယ်ရုံး(၂)ထပ် ဆောက်လုပ်ခြင်း (၁၂၀x၃၅)ပေ - Lot-1
(ခ) ပင်လည်ဘူးမြို့နယ်(၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(၁၀၂x၂၅)ပေ - Lot-2
(**မှတ်ချက်**။ ။ ရေ၊ မီးအပါအဝင်)

**လျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့
**လျှောက်လွှာရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၂၁ရက်မှ ၂၅-၁၀-၂၀၂၁ရက်အထိ (အစိုးရရုံးဖွင့်ရက်နှင့် ရုံးချိန်အတွင်း)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၈-၁၀-၂၀၂၁ရက်မှ ၂၉-၁၀-၂၀၂၁ရက် (၁၆:၀၀)နာရီအထိ
**လျှောက်လွှာတင်သွင်းရမည့် နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမ

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၀၃၂၂၆၆၊ ၀၇၁-၂၀၃၂၅၃၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## မိုးညှင်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၁-၂၀၂၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ ၂၀၂၁-၂၀၂၂ အောက်တိုဘာလမှ မတ်လအထိ ဘဏ္ဍာရေးနှစ်၊ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် တည်ဆောက်ရေး ပစ္စည်းများအား(မြန်မာ) ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၁၅-၁၀-၂၀၂၁ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၉-၁၁-၂၀၂၁ရက် မွန်းလွဲ ၂:၀၀နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၀-၁၁-၂၀၂၁ရက် နံနက် ၁၀:၀၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေရာ** - မိုးညှင်းခရိုင်ရုံး၊ လမ်းဦးစီးဌာန

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၂၆၀၅၉ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကုန်ပစ္စည်းအမည်နှင့် တံဆိပ်အမှတ်အသား မူပိုင်ခွင့်လျှောက်ခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၆)၊ အိမ်အမှတ်(စ/၂၆၉)နေ ကျွန်မ ဒေါ်ကျိန်ပိရှမ်း ၁၃/တမည(နိုင်)၀၀၂၄၁၂ သည် အထက်ဖော်ပြပါကုန်ပစ္စည်းအမည်နှင့် တံဆိပ်အမှတ်အသား မူပိုင်အဖြစ် အသုံးပြုရန်အတွက် ကွတ်ခိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀ အတွင်း ကွတ်ခိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကျိန်ပိရှမ်း ၁၃/တမည(နိုင်)၀၀၂၄၁၂**
**ရပ်ကွက်(၆)၊ ကွတ်ခိုင်မြို့၊ ဖုန်း-၀၉-၂၆၀၉၈၈၅၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်2C/8151 Suzuki Carry P/U ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအာကာကျော် ၁၂/ကမရ(နိုင်) ၀၅၇၁၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

(၀)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ဟိုပန်ရပ်ကွက်နေ မနန်းမြစိန်(ခ) မအေးငဲ ၁၃/ဟပတ(နိုင်)၀၁၀၅၁၂သည် မိခင်၏ ပြောဆိုဆုံးမစကားကို လုံး၀ နာခံခြင်းမရှိဘဲ မိခင်အား အကြိမ်ကြိမ်စိတ်ဒုက္ခဆင်းရဲမှုဖြစ်စေသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်အီကပ်**
**၁၃/ဟပတ(နိုင်)၀၀၁၆၂၆**

## အထူးကိုယ်စားလှယ်လွှဲစာ
## ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဟိုပန်မြို့နယ်၊ အထက-ကျောင်းဝင်းနေ ဒေါ်မိုးမိုးအောင် ၁၃/ဟပတ(နိုင်)၀၁၇၀၇၅မှ သမဝါယမချေးငွေယူရန်အတွက် ဟိုပန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၆)(၈-၁၂-၂၀၂၀)ရက်စွဲဖြင့် ဦးသိန်းအောင် ၁၃/ဟပတ(နိုင်)၀၀၀၄၁၈သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ၅-၁၀-၂၀၂၁ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဒေါ်မိုးမိုးအောင်**
**၁၃/ဟပတ(နိုင်)၀၁၇၀၇၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ၂၀၂၁-၂၀၂၂ခုနှစ် အောက်တိုဘာလမှ မတ်လအထိ ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် လုပ်ငန်းစာရင်း စည်းကမ်းချက်အသေးစိတ်တို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် တင်ဒါအဆိုပြုလွှာများနှင့်တကွ ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဖုန်း-၀၄၃-၂၀၂၄၅၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်/အချိန်** - ၁၈-၁၀-၂၀၂၁ရက်မှ ၁၀-၁၁-၂၀၂၁ရက်ထိ(ရုံးချိန်အတွင်း)
(ခ) **တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၁၂-၁၁-၂၀၂၁ရက် ညနေ၄:၃၀နာရီ
(ဂ) **တင်ဒါအဆိုပြုလွှာပုံစံ ရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့

## အများသိစေရန် အသိပေးကြေညာခြင်း

